# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၉)ရက် ၊ စနေနေ့ ၊ (2-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစိုးရအဖွဲ့သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ထားပန်ဆင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုကို ဝိုင်းဝန်းတားဆီး

နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်မှုရှိစေသည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်သည်။ ထို့ပြင် နိုင်ငံတော်အတွက် အခွန်ငွေနစ်နာမှု၊ နိုင်ငံခြားအရန်ငွေဆုံးရှုံးမှု၊ စာရင်းအင်းအချက်အလက်များ မှားယွင်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အပေါ်ထိခိုက်မှု၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှု၊ စားသုံးသူပြည်သူများအပေါ်ထိခိုက်နစ်နာမှု၊ လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်စေနိုင်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဇွန်လထိ သုံးနှစ်နှင့် ခြောက်လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကို ကုန်ပစ္စည်းအုပ်စုအလိုက် ခွဲခြမ်းစိတ်ဖြာကြည့်ပါက ပို့ကုန်ကဏ္ဍတွင် တွင်းထွက်သတ္တုရိုင်းများ၊ သတ္တုအမျိုးမျိုး၊ အဖိုးတန်သတ္တုများနှင့် ရှားပါးဒြပ်စင်များဖြစ်ပြီး သွင်းကုန်ကဏ္ဍတွင် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ချည်မျှင်နှင့်အဝတ်အထည်များ၊ စက်ယန္တရားများ၊ စက်ပစ္စည်းများနှင့် အခြားကုန်စည်အမျိုးမျိုးတို့အပြင် တရားမဝင် သစ်ခိုးထုတ်ခြင်း၊ စံချိန်စံညွှန်းအရည်အသွေးပြည့်ဝခြင်းမရှိသည့် ကုန်ပစ္စည်းများ၊ ဆေးဝါးအတု သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများနှင့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များလည်း ပါဝင်လျက်ရှိသည်။

ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင်ကုန်စည်များတင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက် အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင်သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက်နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ဖြစ်ပေါ်စေသည့်အပြင် တရားမဝင်ဆောင်ရွက်သည့်လုပ်ငန်းများ အားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ထိခိုက်စေသည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်းမဟုတ်သည့်အတွက် သယံဇာတဆုံးရှုံးမှုများဖြစ်စေခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကုန်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေသည်။ထို့ပြင် လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေခြင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း အနှောင့်အယှက်ဖြစ်စေခြင်းတို့ကြောင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက သက်ဆိုင်ရာဌာနများနှင့်အတူ လက်တွဲပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၆၄၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၆၆၆ ကေနှင့် မိုပိုင်းလွတ်မြို့တွင် ၄၇၂ ကေ စုစုပေါင်း ၁၁၃၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ စပါးကေ ၆၄၈၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့အထိ ကေ၁၀၀၀ ကျော်စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာပါ" ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ကေ ၆၄၂၉၀နှင့် မိုပိုင်းလွတ်မြို့တွင် ကေ ၅၆၀စုစုပေါင်း ကေ ၆၄၈၅၀တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် မက္ခရာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧည့်ပြကျေးရွာအုပ်စု မက္ခရာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေ တိုးပွားလာစေရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် လုပ်ငန်းများထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မက္ခရာကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မက္ခရာကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကိုငွေကျပ် ၂၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဟသ်ာတမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် မျှင်ငါးပိများ ဝယ်ယူအား ကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ယခုနှစ် ဇူလိုင်လတတိယပတ်မှ ယနေ့ထိဝယ်ယူအား ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၀၀၀ ထိအရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

“လက်ရှိမျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် ဒေသဈေးကွက်မှာကို ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက်က မျှင်ငါးပိ အရောင်းအဝယ်သမားတွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒီဒေသကထွက်ရှိတဲ့ မျှင်ငါးပိတွေက အရည်အသွေးကော၊ အရသာပါ ကောင်းမွန်တာကြောင့် ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေတာလဲဖြစ်ပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲ မရှိပါဘူး" ဟု ဟသ်ာတမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ငါးပိရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုး တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ငါးပိလုပ်ငန်းရှင်များနှင့်ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဥတ္တရသီရိမြို့နယ် မရမ်းခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် အဖွဲ့ဝင်များရွေးချယ်ဖွဲ့စည်း

နေပြည်တော် သြဂုတ် ၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရမ်းခုံကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက မရမ်းခုံကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့်အရည်အချင်းများ၊ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ဦးဆောင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း၊ မရမ်းခုံကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းမတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ပြောပြ၍ သိရသည်။

ချိုလေး



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၂ အေလမ်းနှင့် ၁၀၂ လမ်းထောင့်နေ ဒေါ်တင်နွဲ့ကြည်၊ သား ကိုအောင်ဇော်ထွေး "ခက်သင်"စက်သုံးဆီရောင်းဝယ်ရေး မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀၊ ဆေးပဒေသာပင် ငွေကျပ် ၁၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် နေကြာ ၄၁၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ် လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



ရွှေဘို သြဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၁၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၁၆၃ ကေစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၈၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာကေ ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကဝမြို့နယ် ဘန်ဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကဝ သြဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘန်ဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဘန်ဒါကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၄ ဦးကို ငွေကျပ် ၃၉ ဒသမ ၅၈ သန်းအား နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ပြောပြ၍ သိရသည်။

သုတ

# ပုသိမ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် သြဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိဈေးကွက်အတွင်း ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းမွန်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀ မှ ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလထဲမှာပါ ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာ အခြားငါးခြောက်တွေနဲ့ယှဉ်တဲ့အခါမှာ ငါးကွမ်းရှပ်ခြောက်က ပိုမိုအရောင်းအဝယ်ကောင်းနေတာပါ။ ပြည်တွင်းစားသုံးသူများနေတဲ့ အခြေအနေပေ့ါနော်။ ငါးဈေးကလဲ အဆင်ပြေတဲ့အနေအထားဖြစ်ပါတယ်။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုပြီးအရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေအလုပ် ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ပုသိမ်မြို့နယ် ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောသည်။

ပုသိမ်မြို့နယ်တွင် ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုး၍ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ပုသိမ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ကုန်သည်များ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ပိန္နဲသီး၏ ကျန်းမာရေးအကျိုးသက်ရောက်မှုများ

ဒေါက်တာလပြည့်ခင်

**ပိန္နဲသီး၏ဇာစ်မြစ်**

ပိန္နဲပင်ကို ဘီစီ ၂၀၀၀ ခန့်က အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် စတင်တွေ့ရှိခဲ့ပြီး အရှေ့တောင် ပိန္နဲ (Artocarpus heterophyllus) သည် သစ်သီးပင် မျိုးစိတ်တစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်း၊ သီရိလင်္ကာနိုင်ငံ၊ မလေးရှားနိုင်ငံ၏ မိုးသစ်တောများနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှဇာတိမျိုးစိတ်များဖြစ်သည်။

ယခုအခါ အာရှနိုင်ငံများသာမကဘဲ ဂျမေကာ၊ ထရီနီဒတ်နှင့် အာဖရိကအရှေ့ပိုင်းတို့တွင် တွေ့ရှိလာရသည်။ မလေးရှားနိုင်ငံမှပိန္နဲသီးမျိုးသည် အရသာအကောင်းဆုံးဟုသိရှိရပြီး ကမ္ဘာ့သစ်သီးဈေးကွက်တွင် လူကြိုက်များ၍ နိုင်ငံခြားဝင်ငွေများစွာ ရှာပေးနိုင်သော သစ်သီးတစ်မျိုးဖြစ်သည်ဟု သိရသည်။

**ပိန္နဲသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ပိန္နဲသီးတွင် အမျှင်ဓာတ် (Fiber)နှင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants)ဓာတ်များအပြင် ခန္ဓာ ကိုယ်အတွက်လိုအပ်သည့် အာဟာရဓာတ်များလည်းပါဝင်ပြီး ကိုလက်စထရောတက်စေသည့် ဓာတ်များပါဝင်ခြင်းမရှိပေ။ ဘေးဥပဒ်ဖြစ်စေသည့် ကယ်လိုရီပါဝင်မှုနည်းကာ ပရိုတင်း (Protein)၊ ဗီတာမင် A၊ ဗီတာမင် C၊ ရီဘိုဖလေဗင် (Riboflavin)၊ မဂ္ဂနီစီယမ် (Mg)၊ပိုတက်စီယမ် (K)၊ ကြေးနီ(Cu)၊ မဂ္ဂနီးစ် (Mn) ၊ ဇင့် (Sn) နှင့် သံဓာတ် (Fe) စသည့် သတ္တုဓာတ်များပါဝင်မှုကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများရရှိစေသည်။

**ကိုလက်စထရောပမာဏကို ထိန်းညှိပေးခြင်း**

ပိန္နဲသီးကို စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းကျိုးများဖြစ်ပွားစေသည့် ကိုလက်စထရော (Cholesterol) ပမာဏကို မြှင့်တင်ပေးမည်ဖြစ်ပြီး ဆိုးကျိုးဖြစ်စေသည့် ကိုလက်စထရော (Cholesterol) ပမာဏကိုလျှော့ချပေးမည်ဖြစ်သည်။ ထို့ပြင် ပိန္နဲသီးတွင် ဘေးထွက်ဆိုးကျိုးဖြစ်စေသောပြည့်ဝဆီနှင့် ကိုလက်စထရောလုံးဝပါဝင်မှုမရှိသောကြောင့် နှလုံးရောဂါ၊ လေဖြတ်ဝေဒနာဖြစ်ပွားမှုကိုကာကွယ်နိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်လျှော့ကျစေခြင်း**

ပိန္နဲသီးတွင် ကယ်လိုရီနှင့် အဆီဓာတ်ပါဝင်မှုပမာဏများစွာနည်းပါးသဖြင့် ခန္ဓာကိုယ်အလေးချိန်ပုံမှန်ထိန်းသိမ်းလိုသောသူများအတွက် အထူးသင့်လျော်ကောင်းမွန်သည်။

**ခုခံအားကောင်းစေခြင်း**

ပိန္နဲသီးတွင် လူကိုအကျိုးပြုစေသော ဗီတာမင် C များစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်ကိုခုခံအားကောင်းစေပြီး ပြင်ပမှဝင်ရောက်နိုင်သည့် ဗက်တီးရီးယားများနှင့် တုပ်ကွေး၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းစသည့် ရာသီဖျားနာခြင်းကဲ့သို့ ကူးစက်ရောဂါများ မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် ပိန္နဲသီးသည် သွေးဖြူဥဆဲလ်များကိုကောင်းကျိုးပြု၍ ကိုယ်ခံစွမ်းအားစနစ်ကို တိုးတက်ကောင်းမွန်စေသည်။ ပိန္နဲသီးတွင် သံဓာတ်ပါရှိသဖြင့် သွေးအားနည်းရောဂါမဖြစ်ပွားအောင် ကာကွယ်ပေးပြီး ခန္ဓာကိုယ်တွင်းရှိ သွေးများကို ကောင်းစွာလည်ပတ်စီးဆင်းစေသည်။

**အစာခြေစနစ်ကိုကောင်းမွန်စေခြင်း**

ပိန္နဲသီးတွင် အမျှင် (Fiber) ဓာတ်ကြွယ်ဝစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်အတွက် ဆိုးကျိုးဖြစ်စေမည့် ကိုလက်စထရော (Cholesterol) ပမာဏကို လျှော့ချပေးနိုင်မည်ဖြစ်သကဲ့သို့ အစာခြေစနစ်ကိုလည်း ကောင်းမွန်စွာလည်ပတ်စေမည်ဖြစ်သည်။ ပိန္နဲသီးကိုနေ့စဉ် ပုံမှန်စားသုံးပေးခြင်းဖြင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးမှုကြောင့် အစာကြေလွယ်စေပြီး အူအမြှေးပါးများကို ကျန်းမာစေကာ အူမကြီးကင်ဆာဖြစ်ပွားမှုကိုကာကွယ်နိုင်သည်။ ထို့ပြင် ပိန္နဲသီးတွင် ခန္ဓာကိုယ်တွင်း ဖက်ခွက်နာ၊ ပြည်တည်နာများ မဖြစ်နိုင်စေရန် ကာကွယ်ပေးသည့်အာနိသင်များ ပါရှိသောကြောင့် အစာအိမ်နာနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများမဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်သည်။

**ကင်ဆာဖြစ်ပွားနိုင်ချေကို လျှော့ကျစေခြင်း**

ပိန္နဲသီးတွင် Lignans ၊ Isoflavonesနှင့် Saponins ကဲ့သို့ Phytonutrients/ Phytochemical ဒြပ်ပေါင်းများကြွယ်ဝစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်တွင်း ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး ကင်ဆာဖြစ်လာစေရန် အားပေးသည့် Free Radicals များကို ဖယ်ရှားသုတ်သင်ရုံသာမက ရောဂါဖြစ်ပွားနိုင်ခြေကိုလျှော့ကျစေနိုင်သည်။

**အိုမင်းရင့်ရော်ခြင်းကို လျှော့ကျစေခြင်း**

ပိန္နဲသီးတွင် ဗီတာမင် A နှင့် ရေဓာတ် ပါဝင်မှုကြောင့်လည်း အရေပြားကိုစိုပြည်စေပြီး အရေပြားကို ကျန်းမာစေသည်။ အရွယ်မတိုင်ခင် အရေပြားခြောက်သွေ့ပြီး အရေးအကြောင်းများကြောင့် အိုမင်းရင့်ရော်ခြင်းကို ထိရောက်စွာလျှော့ကျစေသည်။ ပိန္နဲသီးတွင် ပါဝင်သောဗီတာမင်နှင့်သတ္တုဓာတ်များကြောင့် ပိန္နဲသီးကို စားသုံးပေးခြင်းဖြင့် အရေပြားကျန်းမာစေပြီး အိုမင်းရင့်ရော်ခြင်းကိုလျှော့ကျစေကာ စိတ်ဖိစီးခြင်းကင်းဝေးသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

**အရိုးကျန်းမာစေခြင်း**

ပိန္နဲသီးတွင်ပါဝင်သောပိုတက်စီယမ် (K) ဓာတ်သည် ငှက်ပျောသီးတွင် ပါဝင်မှု၏ ထက်ဝက်ခန့်ရှိသဖြင့် အရိုးကျန်းမာရန် အထောက်အကူပြုနိုင်သည်။ မဂ္ဂနီစီယမ် (Mg)ပါဝင်ခြင်းကြောင့် ကယ်လစီယမ် စုပ်ယူမှုကိုလည်း ပိုမိုလွယ်ကူစေပြီး အရိုးများကို သန်မာစေသည်။ ပိုတက်စီယမ် (K) ပါဝင်ခြင်းကြောင့်လည်း ကယ်လစီယမ်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်သည်။ ဗီတာမင် Dနှင့်ဟော်မုန်းပြောင်းလဲခြင်းကြောင့် ဖြစ်တတ်သော အရိုးကြွပ်ဆတ်ရောဂါ၊ အရိုးပါးရောဂါနှင့် အရိုးကြံ့ခိုင်သန်စွမ်းပြီး အရိုးအလွယ်တကူကျိုးခြင်းတို့မဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်သည်။ ကလေးငယ်များ အရိုးအလွယ်တကူမကျိုးစေရန် အတွက် ပိန္နဲသီးကို ဆေးအဖြစ်ကျွေးပေးသင့်သည်။



**သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးခြင်း**

ပိန္နဲသီးတွင် ဗီတာမင် B6 ပါဝင်ခြင်းကြောင့် သွေးအတွင်းရှိ Amino Acid တစ်မျိုးဖြစ်သည့် Homocystein ပမာဏကို လျှော့ချပေးပြီး ပိန္နဲသီး နေ့စဉ်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်စွမ်းအင်ပြည့်ဝစေပြီး သွေးတွင်းရှိ သကြားဓာတ်ကို လျှော့ကျစေသည်။

**သွေးဖိအားကိုထိန်းချုပ်နိုင်ပြီးနှလုံးကျန်းမာစေခြင်း**

ပိန္နဲသီးတွင် ပိုတက်စီယမ်(K)ပါဝင်ခြင်းကြောင့် ကိုယ်တွင်းဆဲလ်များအတွက် အထောက်အကူဖြစ်စေပြီး သွေးဖိအားကိုထိန်းချုပ်ပေးနိုင်ကာ နှလုံးရောဂါနှင့်လေဖြတ်ခြင်းဖြစ်ပွားမှုအန္တရာယ်ကို လျှော့ကျစေသည်။ သို့ရာတွင် ပိုတက်စီယမ်ဓာတ် လွန်ကဲခဲ့မည်ဆိုပါက ကျောက်ကပ်နှင့်သက်ဆိုင်သောဝေဒနာများ ခံစားရနိုင်သောကြောင့် အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

**သိုင်းရွိုက်ကိုကျန်းမာစေခြင်း**

ပိန္နဲသီးတွင်ပါဝင်သော ကော့ပါး (ကြေးနီ) သတ္တုဓာတ်များက သိုင်းရွိုက်၏ ဇီဝကမ္မလုပ်ဆောင်ချက်များကို ကောင်းစွာအကျိုးသက်ရောက်စေပြီး အထူးသဖြင့် ဟော်မုန်းထုတ်လုပ်ရေးတွင်ပါဝင်ကူညီပေးသဖြင့်သိုင်းရွိုက်ကိုကျန်းမာစေသည်။

**အမြင်အာရုံကောင်းမွန်စေခြင်း**

ပိန္နဲသီးတွင် ဗီတာမင် A ပါဝင်ခြင်းကြောင့် မျက်လုံးကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပြီး အရွယ်မတိုင်မီမျက်စိမှုန်ခြင်း၊ အမည်းရောင်အစက်အပြောက်များ ဖြစ်ပေါ်ခြင်းနှင့် ကြက်မျက်သင့်ရောဂါ စသည့်မျက်ကြည်လွှာအမြင်ပိုင်း ဆိုင်ရာပြဿနာများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးနိုင်ပြီး အမြင်အာရုံကို တိုးတက်ကောင်းမွန်စေသည်။

**ခွန်အားတိုးပွားစေခြင်း**

ပိန္နဲသီးတွင် သဘာဝသကြားဓာတ်များဖြစ်သည့် Fructose နှင့် Sucrose တို့ ပါဝင်သောကြောင့် ပိန္နဲသီးစားပြီးသည်နှင့်တစ်ပြိုင်နက် ခွန်အားများ သိသာစွာတိုးပွားလာစေသည်။ ဗီတာမင် C ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်၏ခုခံစွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် နေ့စဉ်စားသုံးပေးခြင်းဖြင့် အသားအရေကိုလှပစေခြင်း၊ အရိုးများကို ကြံ့ခိုင်သန်စွမ်းစေခြင်း၊ အနာအကျက်မြန်စေခြင်းစသည့်ကောင်းကျိုးများကို ရရှိစေမည်ဖြစ်သည်။

သွေးမတိတ်နာများနှင့် အနာမကျက်ဘဲ မြဲနေသော ရင်းနာများကို ပိန္နဲသီးအသားဖြင့် အုံပေးခြင်းဖြင့် သက်သာစေနိုင်သောကြောင့် သွေးမတိတ်ရောဂါဝေဒနာသည်များအတွက် အထူးကောင်းမွန်သည်။

ပိန္နဲသီးသာမက ပိန္နဲသီးအစေ့၏ ကျန်းမာရေးကောင်းကျိုးများကိုဆက်လက်ဖော်ပြလိုသည်။ ပိန္နဲသီးအစေ့ကို ပြုတ်စားပါက သွေးလေလည်ပတ်မှုကို ကောင်းမွန်စေခြင်း၊ ဝမ်းချုပ်ခြင်းမှ သက်သာခြင်း၊ ခန္ဓာကိုယ်တွင်းအညစ်အကြေး စင်ကြယ်ခြင်း၊ အသားအရေကြည်လင်ခြင်း၊ ကင်ဆာဆဲလ်များကို တိုက်ဖျက်ပေးနိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများရှိစေသည်။

**အရေးအကြောင်းများသက်သာစေသောပိန္နဲသီးအစေ့**

ပိန္နဲသီးစေ့တစ်စေ့ကို နွားနို့အေးအေးထဲတွင် ခေတ္တစိမ်ထားပြီးနောက် အနှစ်ဖြစ်လာသည်ထိ ကြိတ်ခြေပါ။ မျက်နှာပေါ်ရှိ အရေးအကြောင်းများပေါ်သို့ ထိုအနှစ်ဖြင့် သုတ်လိမ်းပေးခြင်းဖြင့် တစ်လခန့်အကြာတွင် အသားအရေ သိသာစွာထူးခြားကောင်းမွန်လာစေနိုင်သည်။ မျက်နှာပေါ်ရှိ အမာရွတ်များအတွက် ပိန္နဲသီးအစေ့ကိုအခြောက်ခံပြီးနောက် နွားနို့၊ ပျားရည်တို့နှင့် အနှစ်ရအောင် ကြိတ်ခြေ၍ လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေသည်။

**ပိန္နဲပင်အမြစ်၏ ကျန်းမာရေးကောင်းကျိုးများ**

ပိန္နဲပင်အမြစ်မှ ထုတ်လုပ်သောအဆီသည် ဝမ်းကိုက်၊ ဝမ်းလျှောရောဂါကို ပျောက်ကင်းစေသည်။ အရေပြားပေါ်တွင်ဖြစ်တတ်သည့် ရောဂါတော်တော်များများကို ပျောက်ကင်းစေသည်။ ပိန္နဲသီး၊ ပိန္နဲရွက်နှင့် ပိန္နဲအမြစ်တို့သည် အသားအရေကိုကျန်းမာစေသဖြင့် ရေချိုးဆပ်ပြာ၊ ဆပ်ပြာရည်၊ မျက်နှာသစ်ဆပ်ပြာ၊ ခန္ဓာကိုယ်လိမ်းအလှဆီနှင့် ခေါင်းလျှော်ရည်တို့ ပြုလုပ်၍ ရောင်းချနေကြပြီဖြစ်သည်။

**အသားအရေကိုတောက်ပစေသောပိန္နဲရွက်နှင့်ပိန္နဲသီး**

ပိန္နဲရွက်အနည်းငယ်ကို ရေစင်အောင်ဆေး၍ ကြိတ်ခြေကာညှစ်ချပြီး ရရှိသောပိန္နဲရွက်သတ္တုရည်ကို မျက်နှာအနှံ့လိမ်းပြီးနောက် အခြောက်ခံထားပြီး ၁၅ မိနစ်ခန့်အကြာတွင် ရေခပ်နွေးနွေးဖြင့်ဆေးကြောပေးခြင်းဖြင့် အသားအရေ နူးညံ့သန့်စင်သွားမည်ဖြစ်သည်။ ပိန္နဲသီးအမြွှာအနည်းငယ်ကို ကြိတ်ခြေ၍ ရရှိလာသောအနှစ်ကို သကြားစားပွဲတင်ဇွန်း နှစ်ဇွန်းဖြင့် ရောမွှေကာ မျက်နှာအနှံ့လိမ်းပေးပြီး ၂၀ မိနစ်ခန့် အကြာတွင် ရေအေးအေးဖြင့် ဆေးကြောပေးပါက မျက်နှာအသားအရေ ဝင်းပလာမည်။ ထိုနည်းလမ်းများကို တစ်ပတ်လျှင် တစ်ကြိမ်ခန့်ပြုလုပ်ပေးရုံဖြင့် မျက်နှာအရေပြားပေါ်ရှိ ဆဲလ်အသေများကိုဖယ်ရှားပေးပြီး မျက်နှာအသားအရေ ဝင်းမွတ်တောက်ပလာစေနိုင်သည်။

**ပိန္နဲသီးမစားသုံးသင့်သူများ**

ပိန္နဲသီးကိုဆီးချိုရောဂါသည်များ မစားသင့်ပါ။ ကိုယ်ဝန်ဆောင်သည်များနှင့် အမျိုးသမီးများဓမ္မတာလာစဉ်တွင်ပိန္နဲသီးအလွန်အကျွံစားပါက အီစထရိုဂျင်ဟော်မုန်း (Estrogen Hormone) ပျက်စီးတတ်သည်။ အစာအိမ်ရောဂါရှိသူများအနေဖြင့် ကြေညက်ခဲသောပိန္နဲသီးကို အများအပြားစားပါက အစာကို ခြေဖျက်ပေးသည့် အက်စစ်ဓာတ်များ တဖြည်းဖြည်း တိုးပွားလာကာ သွေးကြောပေါက်တတ်သည်။ ပိန္နဲသီးကိုပျားရည်နှင့်တွဲဖက်စားမိပါက အော့အန်တတ်သည်။ ပိန္နဲသီး အပါအဝင် အစေးပါသောသစ်သီးများသည် အပူဓာတ်ဖြစ်၍ လွန်ကဲစွာမစားသင့်ကြောင်း သိရသည်။

အချုပ်အားဖြင့် ပိန္နဲသီးတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်သည့်အပြင် အခြားသောအာဟာရဓာတ်များ များစွာပါဝင်သည့်အတွက် နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် ခုခံအားကောင်းစေခြင်း၊ အစာကြေလွယ်ခြင်း၊ ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း၊ စွမ်းအင်တိုးစေခြင်း၊ သွေးဖိအားကိုထိန်းချုပ်နိုင်ပြီး နှလုံးကျန်းမာစေခြင်း၊အမြင်အာရုံကောင်းမွန်စေခြင်း၊ အရေပြားကျန်းမာစေပြီး အိုမင်းရင့်ရော်ခြင်းကို လျှော့ကျစေခြင်း၊ အရိုးသန်မာစေခြင်းဟူသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

---

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၀၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၀၁၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်း ၅၄၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲတီစိမ်း ၅၄၁၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ၊အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို နည်းပညာ၊ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

---

# သရက်မြို့နယ် လေးတိုင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**သရက် ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Exit Strategy စနစ်ဖြင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ထုံးတောင်ကျေးရွာအုပ်စု၊ လေးတိုင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်သော ကျေးရွာအဖြစ် သတ်မှတ်၍ Exit Strategy စနစ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက လေးတိုင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူမြစိမ်းရောင်ကျေးရွာစီမံကိန်း Exit Strategy ဒုတိယအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ သအမ ၁ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၁ ဦးကို ငွေကျပ် ၂၈ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် လေးသန်း၊ စုစုပေါင်း အသင်းသား၊အသင်းသူ ၁၆၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**

---

## အတ္တမာန်ခွာ လူ့ပြည်ရွာ

- ဟန်တပြပြရယ်နဲ့
  မာန်ကြွလို့ မနေသင့်ပါ၊
  မရောင်ရာ ဆီလူးလို့
  ပိုထူးမလာ၊
  မေတ္တာနှင့်ဆက်ဆံရာ
  လူ့ပြည်ရွာ အကျိုးများ၊
  ကောင်းမှုကို ချစ်မြတ်နိုးက
  တန်ဖိုးကြီးမား။

- စေတနာ စွမ်းအားတွေနဲ့
  မုဒိတာပွား တို့တစ်တွေ၊
  စိတ်ရိုင်းကို ထိန်းချုပ်ဖို့
  ချွန်းအုပ်ကြလေ၊
  စာနာစိတ် ထားရှိစေ
  အတူနေ အချင်းချင်း၊
  မာနကို ခဝါချတော့
  လှပစိတ်ရင်း။

- အတ္တမာန် ဖယ်ခွာရှင်းလို့
  ချစ်ခြင်းဖြင့် အလှဆင်၊
  လူသားတွေ စိတ်နှလုံး
  အမုန်းကင်းစင်၊
  အေးချမ်းမှု နိမိတ်ပင်
  ပုံရိပ်သွင် မြင်ရဖို့၊
  အကြင်နာ ပန်းတံတားကို
  ခင်းထားကြစို့။ ။

ဖိုးပြည့်(ပတ္တမြား)

---

# ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဒိုက်ဦး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပလစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပလစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၂၁၀ ကို ရန်ပုံငွေကျပ် ၅၀၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချိုသန်းညွှန့်**

## နိုင်ငံတကာ သတင်းများ

# မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံက အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဟုဆို



**ပေကျင်း ဩဂုတ် ၁**

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံသည် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကောကျားခွန်းက ဇူလိုင် ၃၁ ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

သတင်းစာရှင်းလင်းပွဲ၌ AFP သတင်းဌာနမှ သတင်းထောက်တစ်ဦးက မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားခြင်းကို ရုပ်သိမ်းမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ သဘောထားအမြင်ကို မေးမြန်းစဉ် ကောကျားခွန်းက ယခုကဲ့သို့ ထည့်သွင်းပြောခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ မိတ်ဆွေနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ် တိုးတက်မှုအခြေအနေများကိုအနီးကပ်လေ့လာ စောင့်ကြည့်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့၏ အမျိုးသားရေး အခြေအနေများနှင့် အညီဖြစ်သော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းစွာ ပြန်လည်သင့်မြတ်ရေးကို သဘောပေါက်နားလည်ခြင်းနှင့် ပြည်တွင်းနိုင်ငံရေးလုပ်ငန်းစဉ်ကို မရပ်မနားရှေ့တိုးဆောင်ရွက်လာခြင်းတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံကို တရုတ်နိုင်ငံက အားပေးထောက်ခံကြောင်း၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် ကွဲပြားခြားနားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများမူဘောင်အတွင်းမှနေ၍ နိုင်ငံရေးနည်းလမ်းများဖြင့် သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဖြေရှင်းနေမှုကိုလည်း တရုတ်နိုင်ငံက ကြိုဆိုကြောင်း ကောကျားခွန်းက ပြောသည်။

အလားတူ တရုတ်နိုင်ငံသည် အခြား နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုဟူသော အခြေခံသဘောတရားကို စွဲကိုင်ထားကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိပါတီများ၏ လိုအပ်ချက်အပေါ်မူတည်၍ ငြိမ်းချမ်းရေးအတွက်ဆွေးနွေးမှုများကို ဆက်လက်အားပေး မြှင့်တင်သွားရန်လည်းအသင့်ရှိနေကြောင်း ကောကျားခွန်းက ပြောထားသည်ဟု သိရသည်။

**Ref : FMPRC**

# ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**မော်စကို ဩဂုတ် ၁**

ရုရှားသမ္မတပူတင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်တို့သည် ဇူလိုင် ၃၁ ရက်က ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှီဘာနီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှီဘာနီသည် ဆီးရီးယားသမ္မတဟောင်း အာဆတ်ရာထူးမှ ဖြုတ်ချခံခဲ့ရပြီးနောက် ရုရှားနိုင်ငံသို့ ရောက်ရှိလာသည့် ပထမဆုံး ဆီးရီးယားအစိုးရသစ်ထိပ်တန်း တာဝန်ရှိသူတစ်ဦးဖြစ်သည်။

ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ရုရှား-အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ တက်ရောက်ရန် ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရားကို ဖိတ်ကြားခဲ့ကြောင်း သိရသည်။

ရုရှား-အာရပ်အဖွဲ့ချုပ်ထိပ်သီးညီလာခံကို လာမည့် အောက်တိုဘာလအတွင်း မော်စကိုမြို့၌ ကျင်းပမည်ဖြစ်သည်။

ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရားသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း သူပုန်တပ်များကို ဦးဆောင်၍ ဒမတ်စကပ်မြို့ကို ထိန်းချုပ်ခဲ့ရာ ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်သမ္မတဟောင်း အာဆတ် ရုရှားနိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။

ယင်းနောက်ပိုင်း ကာလများအတွင်း ရုရှားနိုင်ငံသည် ဆီးရီးယားအစိုးရနှင့် ဆက်ဆံရေးဆက်လက်ထားရှိနိုင်ရန် စတင်ကြိုးပမ်းခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် နှစ်ဦးကို ထိုင်းနိုင်ငံက ပြန်လွှတ်ပေး

**ဗန်ကောက် ဩဂုတ် ၁**

ငါးရက်ကြာဖြစ်ပွားခဲ့သည့် နယ်စပ်စစ်ရေးပဋိပက္ခများအတွင်း ဖမ်းဆီးထားသည့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ဦးရေ ၂၀ အနက် နှစ်ဦးကို ယနေ့တွင် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လာမည့်ရက်သတ္တပတ်အတွင်း မလေးရှားနိုင်ငံ၌ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများဆွေးနွေးပွဲမကျင်းပမီ ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်နှစ်ဦးကို ထိုင်းနိုင်ငံက ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ဇူလိုင် ၂၄ ရက်မှစ၍ ဇူလိုင် ၂၈ ရက်ထိ ငါးရက်ကြာ နယ်စပ်စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဖိအားပေးမှုဖြင့် ဇူလိုင် ၂၈ ရက်တွင် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသည်။

နယ်စပ် စစ်ရေးပဋိပက္ခများအတွင်း ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံပြည်သူများ အနည်းဆုံး ၄၃ ဦး သေဆုံး၍ ဦးရေ ၃၀၀၀၀၀ ကျော် အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ကြရသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နယ်စပ်ချင်း မိုင်ပေါင်း ၅၀၀ ကျော် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ရှေးယခင်ကလည်း နယ်စပ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှုများနှင့် ပတ်သက်၍ စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# သမ္မတရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးဥပဒေကြမ်း အယ်လ်ဆာဗေဒိုးလွှတ်တော် အတည်ပြု



**ဆန်ဆာဗေဒိုး ဩဂုတ် ၁**

အယ်လ်ဆာဗေဒိုး နိုင်ငံ၏ လက်ရှိအာဏာရ အတွေးအခေါ်သစ်ပါတီသည် သမ္မတရွေးကောက်ပွဲစနစ်ကို ပြုပြင်ပြောင်းလဲထားသည့် ဥပဒေကြမ်းတစ်ခုကို ဇူလိုင် ၃၁ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေသည် သမ္မတလောင်းများကို သမ္မတရာထူး သက်တမ်း အကြိမ်ရေအကန့်အသတ်မရှိ ရယူခွင့်ပေးထားပြီး သမ္မတသက်တမ်းကိုလည်း လက်ရှိငါးနှစ်ကို တစ်နှစ်တိုး၍ ခြောက်နှစ် သတ်မှတ်ပေးထားသည်။

၎င်းဥပဒေကြမ်းကို အယ်လ်ဆာဗေဒိုးလွှတ်တော်က ထောက်ခံမဲ ၅၇ မဲ ကန့်ကွက်မဲ သုံးမဲတို့ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေသစ်အရ လက်ရှိ အယ်လ်ဆာဗေဒိုးသမ္မတ နာယစ်ဘူကီလီအနေဖြင့်သမ္မတရာထူးကို ဆက်လက်ရယူနိုင်ရန် လမ်းစပွင့်ခဲ့ပြီဖြစ်သည်။

အယ်လ်ဆာဗေဒိုး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတများအနေဖြင့် ရာထူးသက်တမ်း နှစ်ဆက်ရယူမှုကို ပိတ်ပင်ထားသော်လည်း သမ္မတဘူကီလီသည် ပြီးခဲ့သည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ဒုတိယအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရခဲ့သည်။

သမ္မတ နာယစ်ဘူကီလီသည် အယ်လ်ဆာဗေဒိုး တရားလွှတ်တော်ချုပ်၏ ၂၀၂၁ ခုနှစ် ဆုံးဖြတ်ချက်အရ ပြီးခဲ့သည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ပီတီအိုင်ပါတီဝင် ဦးရေ ၁၀၀ ကျော်ကို ပါကစ္စတန်တရားရုံးက ထောင်ဒဏ်များချမှတ်

**အစ္စလာမ္မာဘတ် ဩဂုတ် ၁**

အကျဉ်းချခံထားရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း၏ ပါတီမှ ပါတီဝင်ဦးရေ ၁၀၀ ကျော်ကို ပါကစ္စတန်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတရားရုံးတစ်ရုံးက ဇူလိုင် ၃၁ ရက်တွင် ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပါကစ္စတန် တီရစ်ခ်အီး-အင်ဆက်ဖ်ပါတီ(ပီတီအိုင်) ပါတီဝင် ဦးရေ ၁၀၀ ကျော်ကို ၂၀၂၃ ခုနှစ် ဆန္ဒပြပွဲများအတွင်း ပါကစ္စတန် စစ်ဘက်နေရာဌာနများကိုတိုက်ခိုက်ဖျက်ဆီးမှုဖြင့် ထောင်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းပီတီအိုင် ပါတီဝင်များအနက် လွှတ်တော်အမတ်ဟောင်းများနှင့် ပါတီထိပ်သီးတာဝန်ရှိသူများလည်းပါဝင်သည့် လူ ၅၈ ဦးကို ထောင်ဒဏ် ၁၀ နှစ်ထိ ချမှတ်ခဲ့ပြီး အခြားပီတီအိုင်ပါတီဝင်များကို ထောင်ဒဏ် တစ်နှစ်မှ သုံးနှစ်အထိ အသီးသီးချမှတ်ထားကြောင်း တရားရုံးစီရင်ချက်၌ ရေးသားဖော်ပြထားသည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် အဂတိလိုက်စားမှု၊ မြေလိမ်လည်မှု၊ အစိုးရလျှို့ဝှက်ချက် ပေါက်ကြားစေမှုများဖြင့် ၂၀၂၃ ခုနှစ်မှစ၍ ထောင်ဒဏ်များ ချမှတ်ခံထားရသည်။

ထို့ပြင် ပါကစ္စတန်အစိုးရသည် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ၂၀၂၃ ခုနှစ် အဓိကရုဏ်းများတွင် ပါဝင်ပတ်သက်မှုဖြင့်လည်း တရားစွဲဆိုထားသည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် စွဲချက်အမျိုးမျိုးဖြင့် အကျဉ်းချခံထားရသည့်တိုင် ပါကစ္စတန်၏ လူထုထောက်ခံမှု အများဆုံး နိုင်ငံရေးခေါင်းဆောင်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၈ စင်း လွှတ်တင်



**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၈ စင်းကို ဇူလိုင် ၃၀ ရက်က လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇူလိုင် ၃၀ ရက်မစ်ရှင် အောင်မြင်မှုကြောင့် ကမ္ဘာပတ်လမ်းပေါ်၌ ဝန်ဆောင်မှုပေးနေသည့် စတားလင့်ခ်ဂြိုဟ်တု အရေအတွက်မှာ အစင်းရေ ၈၀၅၀ ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ စတားလင့်ခ်ဂြိုဟ်တုပေါင်း ၉၃၀၀ ကျော်ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာနှင့် အိန္ဒိယအာကာသအေဂျင်စီတို့က NISAR ရေဒါဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့

**နယူးဒေလီ ဩဂုတ် ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် အိန္ဒိယ အာကာသအေဂျင်စီတို့သည် NISAR အမည်ရှိ ရေဒါဂြိုဟ်တုတစ်စင်းကို ဇူလိုင် ၃၀ ရက်က လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

NISAR ရေဒါဂြိုဟ်တုကို အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း ဆာတစ်ရှ်ဒါဝန်အာကာသစခန်းမှတစ်ဆင့် အိန္ဒိယအာကာသအေဂျင်စီ၏ ဂျီအက်စ်အယ်လ်ဗွီဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၈ ဒသမ ၅ မိနစ်အကြာတွင် ဂျီအက်စ်အယ်လ်ဗွီဒုံးပျံသည် NISAR ရေဒါဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၄၆၃ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



NISAR ရေဒါဂြိုဟ်တုသည် နာဆာနှင့် အိန္ဒိယအာကာသအေဂျင်စီတို့ ပူးပေါင်းတည်ဆောက်ထားသည့် ကမ္ဘာမြေလေ့လာရေး ရေဒါဂြိုဟ်တုဖြစ်သည်။

အဆိုပါ ရေဒါဂြိုဟ်တုသည် ကမ္ဘာ့ကုန်းမြေထုနှင့် ရေခဲပြင် အပြောင်းအလဲများကို မည်သည့်ရာသီဥတုမျိုးတွင်မဆို တစ်စင်တီမီတာအရွယ် ပြောင်းလဲမှုထိ ထောက်လှမ်း ဖော်ထုတ်ပေးနိုင်ကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာနှင့် အိန္ဒိယအာကာသအေဂျင်စီတို့သည် နောင်လာမည့် ရက်ပေါင်း ၉၀ အတွင်း အလေးချိန် ကီလိုဂရမ် ၂၃၀၀ ရှိ NISAR ဂြိုဟ်တု၏စနစ်များကို ပတ်လမ်းပေါ်၌ စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အပင်စားဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အာဂျင်တီးနားနိုင်ငံ ပါတာဂိုနီးယားဒေသ၌ တူးဖော်တွေ့ရှိ

**ဗျူနိုအေးရိစ် ဩဂုတ် ၁**

အပင်စား ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အာဂျင်တီးနားနိုင်ငံ ပါတာဂိုနီးယားဒေသ၌ တူးဖော်တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



အဆိုပါ အပင်စားဒိုင်နိုဆောမျိုးစိတ်သစ်ကို Astigmasaura genuflexa ဟူ၍ အာဂျင်တီးနားသိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Astigmasaura genuflexa ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၉၅ သန်းခန့် ခရီတေးစီးယပ်စ် ဘူမိခေတ်ကုန်ပိုင်းတွင် ယနေ့ခေတ် အာဂျင်တီးနားနိုင်ငံ၌ ရှင်သန် ကျက်စားခဲ့ကြကြောင်း သိရသည်။

Astigmasaura genuflexa ဒိုင်နိုဆောများသည် ကိုယ်ထည်အလျား ၁၈ မီတာ(၅၉ ပေ) ထိရှိပြီး ကိုယ်အလေးချိန် ၁၀ တန်ကျော်ထိရှိနိုင်ကြောင်း အာဂျင်တီးနား သိပ္ပံပညာရှင်များက ပြောကြားသည်။

Astigmasaura genuflexa ဒိုင်နိုဆောမျိုးစိတ်သည် ဆော်ရိုပေါ့ဒိုင်နိုဆောအုပ်စုတွင် ပါဝင်သည့် မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

Astigmasaura genuflexa ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို ပါတာဂိုနီးယားဒေသ ဟွန့်ကောလ် ကျောက်လွှာနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ခြေလှမ်းသွက်သွက် လမ်းလျှောက်ပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဩဂုတ် ၁**

နေ့စဉ် ၁၅ မိနစ်ကြာ ခြေလှမ်းသွက်သွက်လမ်းလျှောက်ပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဝင်ငွေနိမ့်ပြည်သူ ၇၉၀၀၀ ကျော်တို့၏ ဘဝနေထိုင်မှုပုံစံများနှင့် ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ၁၅ မိနစ်ကြာ ခြေလှမ်းသွက်သွက်လျှောက်လှမ်းမှုသည် ခြေလှမ်းနှေးနှေးဖြင့် သုံးနာရီ အချိန်ယူလမ်းလျှောက်ခြင်းထက် ပို၍နှလုံးကျန်းမာရေးကို အကျိုးပြုကြောင်း သိရသည်။

လမ်းလျှောက်ရာတွင် ခြေလှမ်းအရေအတွက်ကိုသာမက လမ်းလျှောက်မှု အမြန်နှုန်းကိုလည်း ဦးစားပေးသင့်သည်ကို လေ့လာချက်ရလဒ်များက ပြသနေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် လမ်းလျှောက်ရာတွင် ခြေလှမ်းမြန်မြန်သွက်သွက်လျှောက်လှမ်းမှုသည် နှလုံးကျန်းမာရေးအတွက် ထိရောက်သည့် လေ့ကျင့်ခန်းပုံစံ တစ်မျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## ကြက်ဥကို ပုံမှန်စားသုံးခြင်းဖြင့် မျက်လုံးအမြင်အာရုံကို ထိန်းပေးနိုင်

**လန်ဒန် ဩဂုတ် ၁**

ကြက်ဥကို ပုံမှန်စားသုံးခြင်းဖြင့် မျက်လုံးအမြင်အာရုံကို ထိန်းပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကြက်ဥတွင်ပါဝင်သော ဗီတာမင်ဘီ ၂ ဓာတ်သည် မျက်လုံး၏ ပုံမှန်အမြင်အာရုံကို ထိန်းနိုင်ရေးအတွက် အထောက်အကူပြုကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ သွပ်ဓာတ်(Zinc) သည်လည်း မျက်လုံးကျန်းမာရေးကို အထောက်အကူပြုနိုင်ပြီး မျက်လုံးမြင်လွှာ(Retina) စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

သွပ်ဓာတ်သည် အနီရောင်အသားများ၊ ကမာကောင်နှင့် အစေ့အဆန်များတွင် ပါဝင်သည့် အာဟာရဓာတ် တစ်မျိုးဖြစ်ကြောင်း သိရသည်။

လူတော်တော်များများအနေဖြင့် ဓာတ်စာပုံစံများသည် အမြင်အာရုံအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သိနားလည်ထားသော်လည်း အများစုကမူ မည်သည့်အစားအစာများမှာ အမြင်အာရုံအတွက် အကျိုးရှိကြောင်းကို မသိကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏အဆိုအရ မှန်လာဥနီစားသုံးမှုကို အမြင်အာရုံမြှင့်တင်ပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းအဖြစ် လွဲမှားစွာယုံကြည်နေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ရာသီကြိုခြေစမ်းပွဲတွင် အာဆင်နယ်က စပါးအသင်းကိုရှုံးနိမ့်ခဲ့သောကြောင့် နိုင်ငံပြင်ပတွင် ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့




လန်ဒန် ဩဂုတ် ၁

ဟောင်ကောင် ခြေစမ်းခရီးစဉ်တွင် တွေ့ဆုံခဲ့သည့် အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင် စပါးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် လန်ဒန်ဒါဘီပြိုင်ဘက်နှစ်သင်း တွေ့ဆုံမှုတွင် အာဆင်နယ်အသင်းက နိုင်ငံပြင်ပတွင် စပါးအသင်းကို ပထမဆုံး ရှုံးပွဲကြုံခဲ့ကြောင်း သိရသည်။

ယခင်က အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့သည် နိုင်ငံပြင်ပတွေ့ဆုံမှုတွင် အာဆင်နယ်အသင်းက ရှုံးနိမ့်ခဲ့ခြင်းမရှိသော်လည်း ယခုနှစ် အာရှခရီးစဉ်တွင် အာဆင်နယ်အသင်း အနေဖြင့် စပါးအသင်းကို ပွဲချိန်ပထမပိုင်း ၄၅ မိနစ်ကတည်းက ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရပြီး တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နိုင်ငံပြင်ပ လန်ဒန်ဒါဘီနှစ်သင်း တွေ့ဆုံမှုတွင်ပထမဆုံးရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခုနှစ် ရာသီကြိုခြေစမ်းပွဲစဉ်ကို အာရှတွင် ကစားခဲ့ပြီး ပထမဆုံး စင်ကာပူခရီးစဉ်တွင် အေစီမီလန်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ နယူးကာဆယ်အသင်းကို သုံးဂိုး နှစ်ဂိုးတို့ဖြင့် နိုင်ပွဲရခဲ့သော်လည်း ယခုဟောင်ကောင်ခရီးစဉ်တွင် ဒါဘီပြိုင်ဘက် စပါးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ယနေ့တွင် လန်ဒန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ဘက် စပါးအသင်းက ဥရောပတွင် ခြေစမ်းပွဲသုံးပွဲကစားပြီးနောက် ဟောင်ကောင်ခရီးစဉ်တွင် အာဆင်နယ်အသင်းနှင့် ကစားခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကာ လာမည့် ဩဂုတ် ၃ ရက်တွင် နယူးကာဆယ်အသင်းနှင့် ခြေစမ်းပွဲထပ်မံကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# မန်စီးတီးလူငယ်ကစားသမား ဗစ်တာရိစ်ကို ဂျီရိုနာအသင်း အငှားစာချုပ်ဖြင့်ခေါ်ယူ

မက်ဒရစ် ဩဂုတ် ၁

မန်စီးတီးအသင်းမှ အသက် ၁၉ နှစ်ရှိ ခံစစ်ကစားသမား ဗစ်တာရိစ်သည် ပုံမှန်ပွဲကစားခွင့်ရရှိရန်အတွက် အသင်းကို တောင်းဆိုခဲ့ပြီးနောက် ဂျီရိုနာအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ဗစ်တာရိစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘရာဇီးကလပ် ပါမီးယက်စ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလမှ အသင်းနှင့် ပူးပေါင်းခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံတွင် လေးပွဲသာ ပါဝင်ကစားခဲ့ရသည်။

လက်ရှိတွင် လူငယ်ကစားသမားအနေဖြင့် လာမည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံကိုယ်စားပြု ရွေးချယ်ခံရရေးအတွက် ပွဲကစားချိန်ပိုမိုလိုအပ်လာသောကြောင့် အသင်းတာဝန်ရှိသူများကို တောင်းဆိုမှုပြုလုပ်၍ စပိန်ကလပ် ဂျီရိုနာအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဂျီရိုနာအသင်းသည် City football Group ၏ အဖွဲ့ဝင်ဖြစ်သည့်အတွက် မန်စီးတီးအသင်းက အနာဂတ်စီမံကိန်းအတွက် ခေါ်ယူခဲ့သည့် လူငယ်ကစားသမားအများစုကို အငှားစာချုပ်ဖြင့် ခေါ်ယူလေ့ရှိပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကလည်း ဂျီရိုနာအသင်းအနေဖြင့် မန်စီးတီးအသင်းမှ တောင်ပံကစားသမား ဆာဗင်ဟို၊ ခံစစ်ကစားသမား ယန်ကော်တို တို့ကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ရာတွင် ကစားသမားများအနေဖြင့် ခြေစွမ်းပြကစားနိုင်သောကြောင့် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## အားကစားသတင်းအတိုအထွာများ

- တူကီယဲကလပ် ဖီနာဘာချီအသင်းက ပီအက်စ်ဂျီအသင်းမှ ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ခံစစ်ကစားသမား စကရင်နေးယားကို လေးနှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူခဲ့သကဲ့သို့ ကစားသမားအနေဖြင့် တစ်နှစ်လျှင် လုပ်ခလစာ ယူရိုရှစ်သန်းရရှိမည်ဖြစ်သည်။
- လီဗာပူးအသင်းက ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ဝတ်ဆင်ကစားမည့် ဝတ်စုံကို တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အသင်းအနေဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် အသင့်ဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- နော်တင်ဟမ်အသင်းက ဘိုလော့နာအသင်း တောင်ပံကစားသမား အန်ဒိုရီကို ပြောင်းရွှေ့ကြေး ယူရို ၄၂ သန်းဖြင့် အပြီးသတ်ခေါ်ယူ၍ လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# ကွင်းလယ်ကစားသမားပါကွီတာ အက်ဖ်အေ၏တရားစွဲဆိုမှုမှ လွတ်မြောက်ခဲ့ကြောင်း ဝက်စ်ဟမ်းထုတ်ပြန်




လန်ဒန် ဩဂုတ် ၁

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာသည် လောင်းကစားမှုကြောင့် အက်ဖ်အေ၏ တရားစွဲဆိုခြင်းခံခဲ့ရသော်လည်း ယခုအခါ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် တရားစွဲဆိုမှုမှ လွတ်မြောက်ခဲ့သည်ဟု ဝက်စ်ဟမ်းအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

ပါကွီတာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ကစားခဲ့သည့် ပွဲစဉ်လေးပွဲတွင် အဝါကတ်လောင်းကစားမှုပြုလုပ်ခဲ့သည်ဟု အက်ဖ်အေ၏ စွပ်စွဲမှုကိုခံရပြီးနောက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခံခဲ့ရသဖြင့် ဥပဒေချိုးဖောက်ကြောင်း တွေ့ရှိပါက တစ်သက်သာပွဲပယ်ခံရမည်ဖြစ်သောကြောင့် ကစားသမားဘဝ အဆုံးသတ်သွားနိုင်ကြောင်း သိရသည်။

သို့သော် ကစားသမားကိုယ်တိုင်က အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းပါဝင်မှုများ ပြုလုပ်ပေးခဲ့ပြီးနောက် အက်ဖ်အေက တရားစွဲဆိုထားသည့် ပြစ်မှုနှစ်ခုစလုံးတွင် ပြစ်မှုထင်ရှားကြောင်း မတွေ့ရသဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်က ပြီးခဲ့သည့် ကြာသပတေးနေ့က ပြစ်မှုမရှိကြောင်း ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ပါကွီတာသည် ဝက်စ်ဟမ်းအသင်းနှင့် ရာသီကြိုခြေစမ်းပွဲစဉ်ကစားမည့် အမေရိကန်ခရီးစဉ်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးလာမည့် ဩဂုတ် ၁၆ ရက်တွင်ကစားရမည့် ဆန်းဒါးလန်းအသင်းနှင့် ကစားရမည့်ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်တွင်လည်း ပါဝင်လာမည်ဖြစ်သည်။

အင်္ဂလန်ဘောလုံးလောကတွင် လောင်းကစားမှုကြောင့် စစ်ဆေးမှုပြုလုပ်ခံရသည့် ကစားသမားအများအပြားရှိခဲ့ပြီး ပြစ်မှုထင်ရှားခဲ့သည့် ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး တိုနေးနှင့် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနယ်လီတို့မှာ ကာလရှည်ပွဲပယ်ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရကြောင်း သိရသည်။

Ref : Espn

Trs : ML

# Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို ဒါမန်ဦးဆောင်



နယူးယောက် ဩဂုတ် ၁

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဒါမန်က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွီဒင်ဂေါက်သီးရိုက်ကစားသမား နိုရန်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းအပါအဝင် ပြိုင်ပွဲဝင် လေးဦးက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဒါမန်က "ကျွန်တော့်ရဲ့ အကောင်းဆုံးစွမ်းဆောင်ရည်တွေကိုပြသထားနိုင်လို့ ဝမ်းသာပါတယ်။ကစားသမားဘဝသက်တမ်းတစ်လျှောက် ဆုဖလား တစ်လုံးပဲ ရဖူးသေးတယ်။ ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရတဲ့ ပြိုင်ပွဲသုံးခုရှိခဲ့တယ်။ ပထမနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းကတော်တော်လေးကို ကောင်းမွန်ခဲ့ပါတယ်။ နောက်နေ့တွေမှာ ဒီလိုစွမ်းဆောင်ရည်မျိုးနဲ့ ကစားနိုင်မလားဆိုတာတော့ မပြောနိုင်ပါဘူး။ ပထမနေ့မှာလို ကစားနိုင်အောင်တော့ အကောင်းဆုံး ကြိုးစားသွားမှာပါ။ ဒီနှစ်ဂေါက်သီးရိုက်ရာသီရဲ့ လက်ကျန်ပြိုင်ပွဲတွေမှာ အကောင်းဆုံးကစားနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# MLWC 10th Anniversary မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် အီရန်လက်ဝှေ့သမား ကေဝမ်းတို့ ယှဉ်ပြိုင်ထိုးသတ်မည်

ရန်ကုန် ဩဂုတ် ၁

Myanmar Lethwei World Championship ၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်ဖြစ်သည့် MLWC 10th Anniversary မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့သမား ထွန်းထွန်းမင်းနှင့် အီရန်လက်ဝှေ့သမား ကေဝမ်းတို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

MLWC 10th Anniversary မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် ကေဝမ်းတို့သည် ကီလို ၈၀ တန်း ငါးချီစိန်ခေါ်ပွဲစဉ်အဖြစ် ပြိုင်ပွဲ၏အဓိက တွဲဆိုင်းအဖြစ် ထိုးသတ်သွားမည်ဖြစ်ပြီး အခြားတွဲဆိုင်းများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် ကေဝမ်းတို့ တွဲဆိုင်းအပြင် ၆၆ ကီလိုတန်း ငါးချီစိန်ခေါ်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ စူပါရေချမ်းနှင့် အမေရိကန်ဖိုက်တာ မာ့ခ်အန်တန်ဘတ်၊ ၆၄ ကီလိုတန်း ငါးချီစိန်ခေါ်ပွဲစဉ်အဖြစ် ထွန်းမင်းနိုင်နှင့် ကမ္ဘောဒီးယားဖိုက်တာ ဖန်ခဲရင်၊ ပြည်တွင်း တွဲဆိုင်းများအဖြစ် စောမင်းမင်းနှင့် သွေးသစ်မောင်၊ နိုင်ဝင်းထွန်းနှင့် သက်ဝင်းအောင်၊ သိန်းစိုးနှင့် ဆလိုင်းထန်ခ္ခီးရှိန်တို့ ထိုးသတ်သွားမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲကို လာမည့် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး လက်မှတ်ခများအဖြစ် ငွေကျပ် ၁၅၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀နှင့် ၁၀၀၀၀၀ သတ်မှတ်ထားကာ ပြိုင်ပွဲကျင်းပပုံများကိုလည်း Skynet ရုပ်သံလိုင်းမှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာ စပါးအသင်းသို့ ပြောင်းရွှေ့ရန် ဆေးစစ်မှုပြုလုပ်

လန်ဒန် ဩဂုတ် ၁

စပါးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန်အတွက် ဆေးစစ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။



ပေါ်ဟင်ဟာကို စပါးအသင်း နည်းပြ သောမတ်ဖရန့်က ခေါ်ယူရန် ကာလရှည်ပစ်မှတ်ထားခဲ့ပြီးနောက် ယခုအခါ တစ်ရာသီအငှား စာချုပ်ဖြင့် ခေါ်ယူရန်သဘောတူညီမှုရခဲ့သည့်အပြင် စာချုပ်ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့် အပြီးသတ်ခေါ်ယူခွင့် ပါရှိခဲ့သည်။

အသက် ၃၀ ရှိ ကွင်းလယ်ကစားသမားကို ပရီးမီးယားလိဂ်ပြိုင်ဘက် ဖူလ်ဟမ်အသင်းကလည်းပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ချန်ပီယံလိဂ်ကစားခွင့်ရရှိထားသည့် စပါးအသင်းက ခေါ်ယူရန် လက်ဦးမှုရယူနိုင်ခဲ့သည်။

ပေါ်ဟင်ဟာသည် ဖူလ်ဟမ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၇ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း နည်းပြကွန်ပနီလက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသည့်အပြင် လက်ရှိတွင် နည်းပြကွန်ပနီ၏ စီမံကိန်းတွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သောကြောင့် စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ခံစစ်ကစားသမား စပန်စီကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ် ကစားသမားပေါ်ဟင်ဟာကိုခေါ်ယူရန် ဆေးစစ်မှုပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Daily mail**

**Trs : ML**

# Tudu Mighty Jets အသင်းမှ ဂါနာညာတောင်ပံကစားသမား Nathaniel Tetteh ကို ရန်ကုန်ယူနိုက်တက်အသင်းခေါ်ယူ




ရန်ကုန် ဩဂုတ် ၁

ရန်ကုန်ယူနိုက်တက် အသင်းသည် လာမည့် AFC Challenge League 2025–2026 ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအတွက် ပြည်ပကစားသမား နောက်ဆုံးဖြည့်တင်းမှုအဖြစ် Tudu Mighty Jets အသင်းမှ ဂါနာညာတောင်ပံကစားသမား Nathaniel Tetteh အား တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

Nathaniel Tetteh သည် ညာတောင်ပံတွင် ကစားနိုင်သကဲ့သို့ တိုက်စစ်မှူးအဖြစ်လည်း ကစားနိုင်သည့် ကစားသမား တစ်ဦးလည်းဖြစ်သည်။

Nathaniel Tetteh က ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းနှင့် ပတ်သက်ပြီး "ရန်ကုန်ယူနိုက်တက်ရဲ့ အသင်းသားအနေနဲ့ ကစားခွင့်ရတဲ့အတွက် တကယ်ကိုဝမ်းသာမိပါတယ်။ ရန်ကုန်ယူနိုက်တက်လိုအသင်းကြီးမှာ ကျွန်တော် အကောင်းဆုံးပုံစံနဲ့ အသင်းအောင်မြင်မှုရရှိအောင် ပေးဆပ်ကစားသွားပါမယ်" ဟု ပြောသည်။

အသက် ၂၂ အရွယ်ရှိ တိုက်စစ်မှူးနက် Nathaniel Tetteh သည် professional ကစားသမားဘဝကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပြီး Ghana First Division အသင်းများတွင် ကစားခဲ့ပြီး Tudu Mighty Jets အသင်းတွင် နောက်ဆုံးကစားခဲ့သည်။ ထို့ပြင် Nathaniel Tetteh သည် ပြီးခဲ့သည့် မြဝတီအသင်းကို ၅–၁ ဂိုးနှင့် အနိုင်ရရှိခဲ့သည့် ခြေစမ်းပွဲစဉ်တွင်လည်း အနိုင်ဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့သည်။

Nathaniel Tetteh သည် ရန်ကုန်ယူနိုက်တက်အသင်းတွင် ကျောနံပါတ် ၁၇ ကို ဝတ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း တိုက်ရိုက်ဝင်ခွင့်ရရှိ

ရန်ကုန် ဩဂုတ် ၁

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် AFC Challenge League 2025–2026 ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အနေဖြင့် အုပ်စုအဆင့်မှတိုက်ရိုက် ကစားသွားရမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက် အသင်းအနေဖြင့် ရှုံးထွက်အဆင့်မှ ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အတွက် AFC Challenge League 2025–2026 ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် ရှုံးထွက်အဆင့်မှ ကစားရမည်ဖြစ်သည်။

AFC Challenge League 2025–2026 ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိသည့်အသင်းများအဖြစ် ရှမ်းယူနိုက်တက် အသင်းနှင့်အတူ အင်ဒိုနီးရှားကလပ် Dews United အသင်း၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းတို့နှင့်အတူ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်မှ ထွက်ခွာခဲ့ရသည့်အသင်းနှစ်သင်းတို့က တိုက်ရိုက်ဝင်ခွင့် ရရှိမည်ဖြစ်သည်။

AFC Challenge League 2025–2026 ပြိုင်ပွဲကို ရှုံးထွက်အဆင့်မှ ရန်ကုန်ယူနိုက်တက် အသင်းနှင့်အတူ Phom Penh Crown အသင်း၊ Tinan City အသင်း၊ Taichung Futuro အသင်း၊ SP Falcons အသင်း၊ Khangaridအသင်း၊ EZRA အသင်းနှင့် Kasuka အသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရှုံးထွက်ပွဲစဉ်အဖြစ် EZRA အသင်းနှင့် ကစားသွားရမည်ဖြစ်ပြီး အနိုင်ရရှိမှသာ အုပ်စုအဆင့် တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

STA

# Canadian Open တင်းနစ်ပြိုင်ပွဲတွင် ပိုပိုင်ရင်က မျက်ဒဗျက်ကိုအနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်



တိုရွန်တို ဩဂုတ် ၁

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် Canadian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဩစတြေးလျတင်းနစ်ကစားသမား ပိုပိုင်ရင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပိုပိုင်ရင်က (၅–၇ ၊ ၆–၄ ၊ ၆–၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ပိုပိုင်ရင်သည် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး မျက်ဒဗျက်ကိုအနိုင်ရခဲ့သည့်ပွဲစဉ်တွင် ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့သည်။

ပိုပိုင်ရင်က "ပထမပွဲငယ်မှာကတည်းက ကျွန်တော်အနိုင်ရခဲ့သင့်တယ်။ ၄–၂ ရလဒ်နဲ့ ဦးဆောင်ထားနိုင်တဲ့ အခြေအနေကနေ မျက်ဒဗျက်ရဲ့ အကောင်းဆုံးစွမ်းဆောင်ရည်တွေကြောင့် ရှုံးနိမ့်ခဲ့ရတယ်။ ကျွန်တော့်အမှားတချို့ကြောင့်အခုလိုဦးဆောင်နေတာက နေရှုံးနိမ့်ခဲ့ရတယ်။ ဒုတိယပွဲငယ်ကတော့ ကျွန်တော့်အတွက် အလှည့်အပြောင်း ဖြစ်စေခဲ့ပါတယ်။ ဒုတိယပွဲငယ်အနိုင်ကြောင့်လည်း တတိယပွဲငယ်အတွက် ခွန်အားဖြစ်ခဲ့ရတာပါ။ ဒီပွဲစဉ်မှာ ကစားရတာ တော်တော်လေးကို စိတ်လွတ်လပ်ပေါ့ပါးမှုရှိခဲ့တယ်။ ရလဒ်ကဘယ်လိုပဲထွက်လာပါစေ ကျွန်တော့်အတွက် ကစားရတာ ကလွတ်လပ်ပေါ့ပါးမှုခံစားနေရတဲ့အတွက် ကစားရတာအရမ်းကို အဆင်ပြေလို့ ကျေနပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပိုပိုင်ရင်သည် စတုတ္ထအဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှုနီနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြေပဲ၊ နှမ်း၊ နေကြာ အရည်အသွေးမပျက်စေရန် သိုလှောင်နည်းစနစ်များကို ဆောင်ရွက်စို့

သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးစဉ်ကတည်းက သီးနှံများအရည်အသွေးကောင်းမွန်ရေး ကြိုးစားဆောင်ရွက်ခဲ့ကြသကဲ့သို့ ရိတ်သိမ်းချိန်တွင်လည်း အရည်အသွေးကောင်းမွန်စေရန် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ရိတ်သိမ်းပြီး သီးနှံများကို ဈေးကွက်သို့မရောင်းချမီ အရည်အသွေးများပျက်စီးခြင်းမရှိစေရန် စနစ်တကျ သိုလှောင်သိမ်းဆည်းရေးသည် အလွန်အရေးကြီးသည်။ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများတွင် သီးနှံများ၏အရည်အသွေးကို ကောင်းမွန်အောင် ထိန်းသိမ်းနိုင်မှသာ ဈေးကောင်းရရှိပြီး ဝင်ငွေကောင်းမည်ဖြစ်သည်။

တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိလာသောသီးနှံများကို မရောင်းချမီ မိမိတို့အိမ်ရှိ ကျီ၊ ပုတ်၊ ဂိုဒေါင်များနှင့် တစ်နိုင်တစ်ပိုင်သိမ်းဆည်း သိုလှောင်ပြီး ကြွက်ဖျက်ဆီးခြင်းမရှိအောင်၊ သိုလှောင်စဉ် ပိုးများမကျရောက်အောင် ဆေးခဲများထည့်ပြီး သိုလှောင်ကြသည်။ ဤသို့သောသမားရိုးကျ သိုလှောင်နည်းလမ်းများအတိုင်း သိုလှောင်ခြင်းသည် တစ်နိုင်တစ်ပိုင်သိုလှောင်ခြင်းဖြစ်ပြီး အရေအတွက်နည်းသည့်အတွက် ကြီးမားသောထိခိုက်မှုမျိုးမရှိနိုင်သော်လည်း သီးနှံများစနစ်တကျသိုလှောင်သိမ်းဆည်းနည်းစနစ်များကို လေ့လာမှတ်သားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများတွင် သိုလှောင်နည်းစနစ်များကို တောင်သူများ စနစ်တကျလိုက်နာဆောင်ရွက်ခြင်းအားဖြင့် မျိုးစေ့အရည်အသွေးကို မပျက်စီးစေရန် ထိန်းထားနိုင်ခြင်း၊ အပင်ပေါက်စွမ်းအားကောင်းမွန်စေခြင်း၊ ရောင်းချချိန်တွင် ဈေးကောင်းရရှိခြင်း၊ လေလွင့်ပျက်စီးဆုံးရှုံးမှုနည်းခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ ထို့ကြောင့် တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် မြေပဲ၊ နှမ်း၊ နေကြာသီးနှံ သိုလှောင်နည်းစနစ်များကို ဖော်ပြလိုက်ပါသည်။

## မြေပဲသီးနှံသိုလှောင်နည်းများ

မြေပဲသီးနှံကို အစိုဓာတ် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းထိရောက်အောင် နေလှန်းအခြောက်ခံပြီးမှ သိုလှောင်ရပါမည်။ မြေပဲသီးနှံသိုလှောင်နည်းများမှာ ပီပါပုံးဖြင့် သိုလှောင်နည်း၊ ဝါးရိုင်ပတ်ဖြင့် သိုလှောင်နည်း၊ ပုတ်ဖြင့် သိုလှောင်နည်း၊ လေလုံအိတ်များဖြင့် သိုလှောင်နည်း၊ မဖောက်ထုံး ၃၀ ရာခိုင်နှုန်းရော၍ မျိုးမြေပဲတောင့်များသိုလှောင်နည်းနှင့် လေလုံပုံးဖြင့် မြေပဲဆန်သိုလှောင်နည်းဟူ၍ရှိသည်။

## ပီပါပုံးဖြင့်သိုလှောင်နည်း

ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ရေနံဆီ၊ စားသုံးဆီထည့်သောပီပါပုံးများ၏အဖုံးကို တစ်ဝက်ဖောက်ကာ ကောင်းစွာ ဆေးကြောသန့်စင်ပါ။ ပီပါအပြင်ဘက်ကို မီးမြှိုက်၍ ဆီကျန်များကိုကုန်စေရန် အတွင်းဘက်ကိုလည်း ကောက်ရိုးများထည့်၍ မီးရှို့ပါ။ ထို့နောက် ရေနွေးနှင့်ထပ်မံဆေးကြောပြီး ခြောက်သွေ့အောင် နေလှန်းပေးပါ။ ပီပါအတွင်းသို့ စက်ဖွဲပြာ ခြောက်လက်မမှ ရှစ်လက်မထည့်၍ ဂုန်နီအိတ်ဖုံးပါ။ မျိုးမြေပဲတောင့်များကို ပီပါအား လှုပ်၍သိပ်ထည့်ပြီး ထိပ်ဝမှာ ခြောက်လက်မမှ ရှစ်လက်မ နေရာလပ်ကျန်သည်အထိ ထည့်ပါ။ မြေပဲတောင့်များပေါ်တွင် ဂုန်နီအိတ်ခင်း၍ စက်ဖွဲပြာကိုသိပ်ပြီး ပြည့်အောင်ထည့်ပါ။ တစ်ဝက်ဖွင့်ထားသောပီပါဖုံးကို ပြန်ပိတ်ပေးပြီး သွပ်ကြိုးဖြင့် ပီပါပုံး၏ နှုတ်ခမ်းသုံးနေရာတွင် ချည်နှောင်ပေးပါ။ အဖုံးနေရာများကို လေလုံအောင် ရွှံ့စေး၊ ပြာ၊ နွားချေးနှင့် ထမင်းရည်တို့ကို သမအောင်နယ်ပြီး လေလုံအောင် ပိတ်ပေးပါ။

## ဝါးရိုင်ပတ်ဖြင့် သိုလှောင်နည်း

ဝါးရိုင်နှစ်ခုကို ထပ်၍ အသုံးပြုရမည်။ သိုလှောင်လိုသည့် မြေပဲအတောင့်ပမာဏကို ချင့်ချိန်၍ ဝါးရိုင်နှစ်ခုကိုရွေးချယ်ရပါမည်။ ဝါးရိုင်အကြီးနှင့် အတွင်းဝါးရိုင်ငယ်၏ အချင်းများမှာ နှစ်ပေကွာရပါမည်။ ဝါးရိုင်နှစ်ခု၏ အပြင်မျက်နှာပြင်ကို ရွှံ့စေး၊ နွားချေး၊ ပြာနှင့် ထမင်းရည်တို့အား သမအောင်နယ်ပြီးလျှင် အနည်းဆုံးသုံးထပ်သုတ်လိမ်း၍ ခြောက်သွေ့အောင် နေလှန်းပေးပါ။ အောက်ခံကြမ်းပြင်သည် ခိုင်ခံ့တောင့်တင်းလျှင်ပိုကောင်းပါသည်။ ဝါးကြမ်းခင်းဖြစ်ပါက အသွားအလာနည်းရပါမည်။ သိုလှောင်မည့် ဂိုဒေါင် သို့မဟုတ် တဲကြမ်းပြင်ပေါ်တွင် ဖျာကြမ်း၊



မြေပဲ၊ နှမ်း၊ နေကြာ စနစ်တကျသိုလှောင်ထားပုံကို တွေ့ရစဉ်။

ဂုန်နီအိတ် သို့မဟုတ် ဝါးကပ်ခင်း၍ ကောင်းစွာ ခြောက်သွေ့သောစပါးခွံကို အထူတစ်ပေခန့်ခင်းပါ။ ၎င်းနောက် အပြင်ဝါးရိုင်ကြီးကို စပါးခွံပြင်ပေါ်တွင် ထောင်ပြီး ဝါးရိုင်ငယ်ကို အတွင်းမှာထည့်သွင်းထောင်ပေးပါ။ အပြင်ရိုင်ကြီးနှင့် အတွင်းရိုင်ငယ်ကြားအတွင်းသို့ ခြောက်သွေ့သောစပါးခွံများ လောင်းထည့်၍ သိပ်သည်းအောင်ဖိပေးရမည်။ အတွင်းဝါးရိုင်ငယ်အတွင်း၌ ဂုန်နီအိတ် သို့မဟုတ် ဖျာကြမ်းခင်း၍ မျိုးမြေပဲတောင့်များ လောင်းထည့်ပါ။ ထိုပေါ်တွင် ဂုန်နီအိတ် သို့မဟုတ် ဖျာကြမ်းခင်းပြီး ခြောက်သွေ့သောစပါးခွံတစ်ပေအထူ ဖုံးထားပေးပါ။ မိုးများသောဒေသများတွင် အတွင်းမှ ပလတ်စတစ်ဖြင့် ခံပေးရန်လိုသည်။

## ပုတ်ဖြင့်သိုလှောင်နည်း

သိုလှောင်မည့် ပုတ်နှင့်အဖုံးကို လေလုံစေရန် ရွှံ့စေး၊ နွားချေး၊ ပြာနှင့် ထမင်းရည်ကို သမအောင်နယ်ပြီး သုတ်လိမ်း၍ အနည်းဆုံးသုံးကြိမ် နေလှန်းပေးပါ။ ပုတ်သည် ကောင်းစွာခြောက်သွေ့လျှင် ဂိုဒေါင် သို့မဟုတ် တဲအတွင်း သစ်သားတုံးများ၊ အုတ်ခဲများခံ၍ တင်ထားပါ။ ခြောက်သွေ့သော စပါးခွံများကို အောက်ခံအဖြစ် ခြောက်လက်မမှ ရှစ်လက်မအထူရအောင် ထည့်ပေးပါ။ ခြောက်သွေ့သောမျိုးမြေပဲတောင့်များကို နှစ်တင်းဝင် ဂုန်နီအိတ်များဖြင့်ထည့်ပါ။ အိတ်များကို ပုတ်ထဲသို့ထည့်ပြီးလျှင် ခြောက်သွေ့သောစပါးခွံများကို ပုတ်ပြည့်သည်အထိ ထပ်ထည့်ပါ။ မိုးများသောဒေသများတွင် သိုလှောင်မည်ဆိုပါက အတွင်းမှ ပလတ်စတစ်ခံပေးပါ။

## လေလုံအိတ်များဖြင့် သိုလှောင်နည်း

ခြောက်သွေ့သော မျိုးမြေပဲတောင့်များကို လေလုံသည့်ပလတ်စတစ်အိတ်ထဲသို့ ဦးစွာထည့်ပါ။ ထိုအိတ်ကို လေလုံသောပလတ်စတစ် နောက်တစ်အိတ်ထဲသို့ အထက်အောက်လှန်၍ ထည့်ပါ။ ထို့နောက် အိတ်ကို လေလုံအောင်ထပ်မံပိတ်ပြီး သိုလှောင်ပါ။ လေလုံပလတ်စတစ်အိတ်ဖြင့် သိုလှောင်ရာတွင် အစိုဓာတ်နှင့် အပင်ပေါက်ရာခိုင်နှုန်းကို ရှစ်လကြာအောင် မပျက်စီးစေဘဲ ထိန်းသိမ်းထားနိုင်ပါသည်။

## မဖောက်ထုံး ၃၀ ရာခိုင်နှုန်းရော၍ မျိုးမြေပဲတောင့်များ သိုလှောင်နည်း

မြေပဲတောင့်များကို မဖောက်ထုံးဖြင့် ရောနှော သိုလှောင်ရာတွင် မြေပဲတောင့်များနှင့်မရောနှောမီ မဖောက်ထုံးကို ရေအနည်းငယ်ဖျန်းရပါမည်။ ဥပမာ- မြေပဲတောင့်တစ်တင်း သိုလှောင်မည်ဆိုပါက မဖောက်ထုံး နှစ်ပိဿာခန့်ကို ရေအနည်းငယ် (၉၀ စီစီ)ဖျန်းကာ ရောနှော၍ ပလတ်စတစ်အိတ်အတွင်း ထည့်ပြီး လေလုံအောင်ပိတ်ပါ။ ၎င်းနောက် ပလတ်စတစ်အိတ်တစ်လုံးဖြင့် အထက်အောက်လှန် အိတ်စွပ်ပြီး လေလုံအောင်ပိတ်၍ သိုလှောင်ပါ။ မဖောက်ထုံးကို ရေဖြင့်ဓာတ်ပြုစေခြင်းဖြင့် အပူထွက်ကာ မြေပဲတောင့်မှ အစိုဓာတ်အနိမ့်ဆုံးကို ထိန်းသိမ်းစေနိုင်သည့်အပြင် အပင်ပေါက်နှုန်း မကျဆင်းဘဲ သိုလှောင်နိုင်ပါသည်။

## လေလုံပုံးဖြင့် မြေပဲဆန်သိုလှောင်ခြင်း

သံပုံး၊ ပလတ်စတစ်ပုံးများဖြင့် သိုလှောင်ရာတွင် မျိုးမြေပဲကို အဆန်ထုတ်၍ သိုလှောင်ခြင်းသည် အတောင့်အတိုင်းသိုလှောင်ခြင်းနှင့် နှိုင်းယှဉ်လျှင် နေရာအနည်းငယ်သာ လိုအပ်ပါသည်။ မြေပဲတောင့်သည် သတ်မှတ်အစိုဓာတ် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းရှိပါက အတောင့်ကို လက်ဖြင့်ညင်သာစွာခွာပါ။ မြေပဲဆန်အမြှေးပါးမကွာစေရန် အထူးဂရုစိုက်ရပါမည်။ ဆေးကြောသန့်စင်အခြောက်ခံထားသော သံပုံး၊ ပလတ်စတစ်ပုံးများအတွင်းသို့ အောင်မြင်သော မြေပဲဆန်များကို ဖြည်းညင်းစွာထည့်ပါ။ ပုံးအပြည့် အသာအယာလှုပ်ခါ၍ထည့်ပါ။ ထို့နောက် အဖုံးကို လုံခြုံစွာပိတ်ပါ။

## နှမ်းသီးနှံသိုလှောင်နည်းများ

ခြွေလှေ့သန့်စင်ပြီး နှမ်းများကို အစိုဓာတ် ၉ ရာခိုင်နှုန်းထိရရှိအောင်အခြောက်ခံပြီးမှ သိုလှောင်ရပါမည်။ အမြဲတမ်းသိုလှောင်ရုံမရှိပါက အထူးသိုလှောင်အိတ်၊ သံပုံးများ၊ ပုတ်များဖြင့် သိုလှောင်ပါ။ လောင်စာဆီ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို သီးနှံထွက်ကုန်များနှင့် ရောနှောသိုလှောင်ခြင်း မပြုလုပ်ပါနှင့်။ သိုလှောင်စဉ် ပိုးများကာကွယ်ရန်အတွက် သိုလှောင်ကာလအတွင်း သတ်မှတ်ဆေးအမျိုးအစားကို သတ်မှတ်နှုန်းထားအတိုင်းသုံးစွဲပါ။ သီးနှံများကို ဓာတု၊ ဇီဝဗေဒနှင့် ရုပ်ဝတ္ထုဆိုင်ရာ ညစ်ညမ်းမှုအန္တရာယ်ဖြစ်စေရန် အလားအလာရှိသောပစ္စည်းများနှင့် သီးခြားခွဲ၍ သိုလှောင်ပါ။ အဆောက်အအုံများကို တိရစ္ဆာန်များထားသောနေရာ၊ မြေဆွေးထားသောနေရာ၊ တိရစ္ဆာန်အစာများထားသောနေရာများနှင့် ဝေးသည့်နေရာတွင် တည်ဆောက်ပါ။ အဆောက်အအုံ အောက်ခံအခင်းကို အသုံးမပြုမီ သန့်ရှင်းမှု၊ ဓာတုဆေးများ ဖိတ်စဉ်မှု၊ အခြားပစ္စည်းများနှင့် ပိုးမွှားကျရောက်မှုစသည်တို့ ရှိ၊ မရှိ စစ်ဆေးရမည်။ ထို့ပြင် သန့်စင်အောင်ပြုလုပ်ပြီး အကာအကွယ်ပစ္စည်းများဖြင့် ဖုံးအုပ်ထားပါ။ နှမ်းအိတ်များကို နံရံ၊ ကြမ်းပြင်၊ အစိုဓာတ်တို့နှင့် တိုက်ရိုက်ထိတွေ့မှုမရှိစေရန် ဝါးကပ် သို့မဟုတ် သစ်သားအခင်းများ ခင်းပေးပါ။ သန့်စင်ပြီးနှမ်းများကို ကိုင်တွယ်ပြုပြင်၊ ထုပ်ပိုး၊ သိုလှောင်သည့်နေရာများအနီးတစ်ဝိုက်တွင် အင်းဆက်ဖျက်ပိုးများ၊ ကြွက်၊ ငှက်များ မဖျက်ဆီးနိုင်ရန် ကြိုတင်စီမံကာကွယ်ထားပါ။

## နေကြာသီးနှံသိုလှောင်နည်းများ

နေကြာမျိုးစေ့ကို အစိုဓာတ် ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းထိ ခြောက်သွေ့အောင် နေလှမ်းပြီးမှ သိုလှောင်ရမည်။ နေကြာစေ့များကို လေလုံသည့်ပုံးများ၊ ပုလင်းများ၊ အိတ်များထဲတွင် ထည့်သွင်းသိုလှောင်သိမ်းဆည်းပါ။ နေကြာမျိုးစေ့များကို ကိုင်တွယ်ပြုပြင်၊ ထုပ်ပိုး၊ သိုလှောင်သည့် နေရာအနီးတစ်ဝိုက်တွင် အင်းဆက်ဖျက်ပိုးများ၊ ကြွက်၊ ငှက်များမဖျက်ဆီးနိုင်ရန် ကြိုတင်စီမံကာကွယ်ထားပါ။ ခြောက်သွေ့သည့် အိတ်အသစ်များကို အသုံးပြုပါ။ အိတ်ဟောင်းများကို အသုံးပြုလိုလျှင် ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် သုံးမိနစ်မှ လေးမိနစ်ကြာအောင် စိမ်၍ အခြောက်ခံပြီးမှသုံးပါ။ သိုလှောင်ပစ္စည်းအဟောင်းများနှင့် ရောနှောမထားပါနှင့်။ သိုလှောင်နေရာတွင် သန့်ရှင်းမှုနှင့် ပိုးမွှား၊ ရောဂါ ကျရောက်မှုကို အမြဲမပြတ်ကြည့်ရှုပါ။ သိုလှောင်အိတ်များကို သစ်သား သို့မဟုတ် ဝါးကြမ်းခင်းများပေါ်တွင် စနစ်တကျထပ်ပါ။ လေဝင်၊ လေထွက်ကောင်း၍ အစိုဓာတ်မထိတွေ့ရန် ဂရုစိုက်ပါ။ သိုလှောင်မည့်နေရာကို ကြိုတင်သန့်ရှင်းထားရန်နှင့် လိုအပ်ပါက အဆိပ်ငွေ့မှိုင်းတိုက်ခြင်းကို ဆောင်ရွက်ပေးပါ။ ပတ်ဝန်းကျင်တွင် စိုထိုင်းဆမြင့်ခြင်း၊ အပူချိန်မြင့်ခြင်း၊ နေရောင်တိုက်ရိုက်ကျရောက်ခြင်းမရှိစေရန်နှင့် လေဝင်၊ လေထွက်ကောင်းစေရန် ဆောင်ရွက်ပေးပါ။ အဏုဇီဝပိုးမွှား၊ ကြွက်၊ ငှက်၊ အခြားသောရောဂါများကျရောက်ခြင်းမရှိစေရေး ကြိုတင်ကာကွယ်ထားပါ။

သီးနှံစိုက်ပျိုးရာတွင် အရည်အသွေးသည် အဓိကကျပါသည်။ အထွက်နှုန်းကောင်းသော်လည်း အရည်အသွေးမကောင်းလျှင် ဈေးကောင်းမရနိုင်ပါ။ အထွက်နှုန်းလည်းကောင်း၊ အရည်အသွေးလည်း ကောင်းသော်လည်း သီးနှံများကို စနစ်တကျမသိုလှောင်နိုင်လျှင် အရည်အသွေးများပျက်စီးပြီး ရောင်းချသည့်အခါ ဈေးကောင်းမရနိုင်ပါ။ ထို့ကြောင့် သီးနှံများစတင်စိုက်ပျိုးသည်မှ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများမှာ စနစ်တကျ နည်းလမ်းမှန်ကန်စွာဆောင်ရွက်ကြရန်လိုအပ်ပါသည်။ သို့မှသာ သီးနှံထွက်ကုန်များ၏အရည်အသွေးကို စိုက်ပျိုးစဉ်ကအတိုင်းထိန်းသိမ်းထားနိုင်ပြီး အရည်အသွေးမပျက်စီးဘဲ ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သီးနှံများရောင်းချရာတွင် ဈေးကောင်းရရှိပြီး အကျိုးအမြတ်များများရရှိနိုင်စေရန် တောင်သူများအတွက် မြေပဲ၊ နှမ်း၊ နေကြာ စနစ်တကျသိုလှောင်နည်းစနစ်များကို ဆောင်ရွက်နိုင်စေရန် ရေးသားလိုက်ရပါသည်။

စိုးမိုးဝင်း(စိုက်ပျိုးရေး)

# မာဗယ်စတူဒီယို၏ Superman ဇာတ်ကား ပြည်တွင်းဝင်ငွေ ဒေါ်လာ သန်း ၃၀၀ ကျော်ရှိ



ရန်ကုန် ဩဂုတ် ၁

မာဗယ်စတူဒီယို၏ Superman ရုပ်ရှင်ဇာတ်ကားသည် ရုံတင်ပြီး ရက် ၂၀ အကြာတွင် ပြည်တွင်းဈေးကွက်၌ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် လွန်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားဝင်ငွေသည် The Batman(2022) ဇာတ်ကားဝင်ငွေ နောက်ပိုင်းပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် လွန်ခဲ့သည့် ပထမဆုံး စူပါဟီးရိုးဇာတ်ကားဖြစ်သည်။

မာဗယ်စတူဒီယိုနှင့်ဝါနာဘရားသားကုမ္ပဏီတို့သည် Superman ဇာတ်ကားကို ဇူလိုင် ၁၀ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် Superman ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၂၂ သန်း ကျော်လွန်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

Superman ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူ ရိုက်ကူးပေးပြီး မင်းသား ဒေးဗစ် ကိုရန်စဝပ်၊ နီကိုလပ်ဟော့၊ မင်းသမီး ရာချယ်ဘရော့စနာဟန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ Superman ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၂၂၅ သန်းထိ ဝါနာဘရားသားကုမ္ပဏီက သုံးစွဲထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Ocean ဇာတ်ကားသစ်ကို ဒါရိုက်တာ လီအိုင်ဆက်ချောင် ရိုက်ကူးဖွယ်ရှိ

နယူးယောက် ဩဂုတ် ၁

ဝါနာဘရားသားကုမ္ပဏီအတွက် Ocean ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ လီအိုင်ဆက်ချောင်က တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ လီအိုင်ဆက်ချောင်သည် ဝါနာဘရားသားကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း၊ အဆိုပါ ဇာတ်ကားသစ်သည် ယခင်ရိုက်ကူးထုတ်လုပ်ခဲ့သည့် Ocean ဇာတ်ကားများ၏ ဇာတ်အိမ်နောက်ခံကို အခြေခံရိုက်ကူးမည့် ဇာတ်ကားသစ်ဖြစ်သည်။

Ocean ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကာရီဆော်လမွန်က ရေးသားပေးထားသည်။ Ocean ဇာတ်ကားများသည် လပ်ဗီးဂတ် အနုကြမ်းစီးမှုများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားများဖြစ်ကြပြီး ၁၉၆၀ ပြည့်နှစ်မှ လက်ရှိထိ Ocean ဇာတ်ကား လေးကားထိ ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီက နောက်ဆုံးရိုက်ကူး ထုတ်လုပ်ခဲ့သည့် Ocean ဇာတ်ကားမှာ Ocean-8 (2018) ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# SKYPREMIER HD ရုပ်မြင်သံကြားလိုင်းက မစ္စတာချက်ကြီးရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၉ ရက်တွင် ထုတ်လွှင့်ပြသမည်




ရန်ကုန် ဩဂုတ် ၁

SkyNet အခပေးရုပ်သံလိုင်း၊ SKYPREMIER HD ရုပ်သံလိုင်းက မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၉ ရက်တွင် ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်လှိုင်ထံမှ သိရသည်။

အဆိုပါ မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ၂၀၂၃ ခုနှစ် မေလက နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သရုပ်ဆောင် ခင်လှိုင်က ပြောပြ၍ သိရသည်။

"ဒီဇာတ်ကားကတော့ ဟာသဇာတ်မြူးလေးပါ။ ၂၀၂၃ မေလက ရုံတင်ခဲ့ပြီးပါပြီ။ မြင့်မြတ်ကို ဒီဇာတ်ကားမှာ တလွဲတွေချက်တတ်တဲ့ စားဖိုမှူးအနေနဲ့မြင်ရမှာပါ။ ချက်ကြီးကျွေးတဲ့ ဟင်းမှန်သမျှမစားချင်လို့ တစ်ရွာလုံးက ပတ်ပြေးလဲ ချက်ကြီးဟင်းချက်တာကတော့ ရပ်မသွားခဲ့ဘူး။ တလွဲစားဖိုမှူး ချက်ကြီးနဲ့ မိန်းမချောကလေးနှစ်ယောက် ဘယ်လိုဆုံပြီး ဘာတွေဖြစ်မလဲ စောင့်ကြည့်ပေးပါအုံး"ဟု သရုပ်ဆောင် ခင်လှိုင်က ပြောပြသည်။

အဆိုပါ မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် မြင့်မြတ်၊ ခင်လှိုင်၊ ငှက်ပျောကြော်၊ ဆင်မ၊ ဇော်ဝင်းနိုင်၊ ယွန်းယွန်း၊ နော်ဖေဘာအယ်ထား စသည့်သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဩဂုတ် ၉ ရက် စနေနေ့ ည ၉နာရီ အချိန်တွင် SkyNet အခပေးရုပ်သံလိုင်း၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ခင်လှိုင်ထံမှ သိရသည်။

ASH

# Subversion ဇာတ်ကား၌ မင်းသမီး လီလီဂျိမ်း ပါဝင်မည်

နယူးယောက် ဩဂုတ် ၁

Amazon MGM ၏ Subvers-ion အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး လီလီဂျိမ်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

Subversion ဇာတ်ကားတွင် မင်းသမီး လီလီဂျိမ်းသည် မင်းသား ခရစ်ဟမ်စဝပ်နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားသည် တရားမဝင်ကုန်ပစ္စည်းများကို အန္တရာယ်များသည့် ရေငုပ်သင်္ဘောတစ်စီးဖြင့် နိုင်ငံတကာရေပြင်ကို ဖြတ်၍ သယ်ဆောင်ပေးရန် ဒုစရိုက်အဖွဲ့တစ်ဖွဲ့၏ အကျပ်ကိုင်စေခိုင်းမှုခံနေရသည့်ရေတပ်အရာရှိ တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Subversion ဇာတ်ကားတွင် မင်းသမီး လီလီဂျိမ်းကအမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဗိုးရက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒရူးဖာဂူဆန်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# မိုင်းတုံမြို့နယ် မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ ဩဂုတ် ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ မဲကင်ကျေးရွာအုပ်စု မဲကင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် မဲကင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၄ ဦးကို ၁၁ ကြိမ်မြောက် လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၃၆၀ ထုတ်ချေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# Union Government of the Republic of Union of Myanmar holds meeting


Prime Minister U Nyo Saw addresses the Union Government meeting.

**Nay Pyi Taw August 1**

The Union Government of the Republic of Union of Myanmar held a meeting at the Prime Minister's Office this afternoon, addressed by Prime Minister U Nyo Saw.

Also present were union ministers, deputy ministers and officials.

In his keynote address, the Prime Minister said the current Union Government was formed by the National Defence and Security Council. The government needs to place in the fore and protect Our Three Main Causes – non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty. In addition, it must observe and implement the four objectives adopted by NDSC.

The present time calls for the efforts to steer on the road to multiparty democracy without any political, ethnical and religious differences. All the people in the nation should stay away from acts that may deviate from democracy and should abide by the Constitution and existing laws. Election is the core part of multiparty democracy, aspired by the people. Hence, the Head of State has notified the people that an election would be held in the coming December. The government will have to ensure all eligible voters cast their votes. Advanced voting must be arranged as per the rules for the persons who cannot vote due to certain reasons.

The nation will exercise a genuine and disciplined multiparty democracy and for the administration system, a Union system based on multiparty and federalism will be practiced. Sector-wise involvement of the ministries is required in holding a free and fair multiparty democracy general election.

**Encourage the manufacturing industry for producing fruits of gold**

The country is implementing an agro-based economy. The majority of rural people are engaged in agriculture. The country can improve socioeconomic life of the rural and alleviate poverty through progress in farming. In this way, the country can develop its economy. All should give priority to progress of agriculture, systematically use the land and increase per acre yield through promotion of mixed cropping. These undertakings will lead to domestic food sufficiency, and finally, the country will be able to export food. The State is providing a sufficient number of chemical fertilizers, one of the main requirements of agriculture.

Region/state-wise efforts are required for development of edible oil crop cultivation, and as oil yielding crops can fulfil local needs, they will become import substitute goods. The country has been carrying out endeavors to ensure local oil sufficiency and economical consumption of oil since the past, but still not achieve 100 percent success, as regions and states fail to increase oil crops production. Oil crop growing areas must be prioritized and efforts should be made to increase per acre yield and sunflower sown acreage.

In accord with the motto, "Lets encourage production for bearing fruits of gold" rural economy must be developed and agriculture must be encouraged. The country has large areas of croplands along the banks of Ayeyawady and Chindwin rivers and those areas must be effectively utilized. Chicken, pigs, goats, cattle and fish must be raised area wise for local food sufficiency.

The government sets up sector-wise funds for the ministers to strive for national development. Annually allocated funds for region/state-wise tasks must be effectively used and the tasks must be completed within the set time.

**Let us ensure education sector for the development of the Nation**

It is necessary to encourage education sector of citizens in order to develop the country. In accord with the motto "Let's ensure education sector for the development of the Nation", it is necessary to improve the education sector in the entire nation. Technique is based on school education, so it is necessary to support improvement of learning education without fail. Emphasis must be placed on attending of all school-age children and increase of student grades in learning. To prevent a decline in student transition rates between grade levels, it is necessary for the Ministry of Education to conduct research, analysis, and studies in order to implement effective remedial measures. Moreover, the current government needs to pave ways for the forthcoming government to continue encouragement to development of the education sector of the nation.

In the health sector, public health care activities are being carried out with a focus on preventive measures to avoid the outbreak of diseases, and policies and plans must be implemented to ensure the effective delivery of quality medical treatment when diseases do occur. There are still weaknesses in the delivery of health care services due to terror acts and conflicts in some areas. Therefore, not only health care workers but also all those involved in the health sector are required to work together in a coordinated manner. When assigning health care personnel to various regions and states, they are truly deployed to the respective designated areas of responsibility, and that their assignments are made for a clearly defined period of service.

In line with the policies set by the Head of State—"Only with good health can one pursue education; only with good health can one work," "Nothing is more important than human life," and "Every hospital must have a doctor"—the State is actively implementing measures to provide the necessary health care personnel and medical support equipment for regions and states across the country.

**Let us protect our environment for the prosperity of the Nation**

It is now evident that the increasing occurrences of flooding, earthquakes, cyclones, and river overflows around the world are the result of environmental degradation. Therefore, in order to promote nationwide greening and sustainable agriculture, it is necessary for us to actively preserve forests and the natural environment. While forest coverage in our country once exceeded 50 per cent, it has now declined to just 42.19 per cent. To restore forest coverage and ensure a greener environment, it is essential to expand the planting of long-term trees. In line with the motto "Let's protect our environment for the prosperity of the Nation", efforts must be made to increase the cultivation of perennial, shade trees and windbreaks in forested areas.

As the Union Government must all work together and make collective efforts to carry out the necessary tasks for the nation at this time. In particular, collaborative efforts must be made in the preparatory work to successfully hold the upcoming election scheduled for December. Only then will the free and fair multiparty democratic general election that all the people aspire to can be held successfully.

Union ministers attending the meeting discussed their sectors.

In his response to the discussions, the Prime Minister noted that in the earthquake-affected areas, where it is currently the rainy season, there are certain needs for reconstruction efforts, and that the Government is doing its utmost to provide assistance accordingly. Relevant ministries and regional/state authorities were also urged to monitor and regulate market prices to ensure reasonable and fair pricing. Moreover, it is important to expedite the completion of support and relief operations related to the damages and losses caused by the earthquake. Efforts must also be made to collectively prevent illegal trade activities. Furthermore, it is necessary to ensure the timely provision of essential fertilizers for agricultural activities.

In his concluding remarks, the Prime Minister said that Myanmar is currently developing its national economy based on an agriculture and livestock-oriented economic model. Therefore, only by advancing agricultural and livestock production industries can the country generate increased foreign income. At the same time, farmers' household incomes will improve, contributing to national economic growth. To ensure full cultivation coverage during this monsoon season and to achieve higher yield targets, the relevant ministries and regional/state governments must ensure that fertilizers reach farmers in a timely manner. The nation has been able to overcome recent challenges and make progress. Union Ministers were urged to collectively strive, during their terms of service, to realize the four national objectives and priorities set by the State. And, the meeting came to an end. 100

# More than 3,000 acres of summer sesame harvested in Yinmabin District


Farmers harvesting summer sesame in a field.

**Yinmabin August 1**

Local farmers have harvested a total of 3,499 acres of summer sesame in Yinmabin District of Sagaing Region, according to the district Agriculture Department.

In Yinmabin District, a total of 3,499 acres of summer sesame were cultivated during this year's summer crop season. Harvesting of these sesame fields began in May, and as of today, all 3,499 acres have been completely harvested, with an average yield of 18.07 baskets per acre.

"This year, 3,499 acres of summer sesame were cultivated in Yinmabin District during the summer crop season. All of the sesame fields have now been fully harvested. Efforts were made to promote expanded cultivation, improve yields, and implement GAP (Good Agricultural Practices) techniques," said Daw Myat Moe Win, Head of the Yinmabin District Agriculture Department.

As for township-wise harvesting, a total of 2,379 acres of summer sesame was harvested in Yinmabin Township, 885 acres in Salingyi Township, and 235 acres in Pale Township.

This year, the respective township agriculture departments provided technical support to sesame farmers in Yinmabin District to promote expansion of cultivation, proper farming techniques, application of GAP methods, use of high-quality seeds, and selection of high-yielding varieties.

It is also reported that crops produced under the GAP system are of higher quality than those produced using other cultivation methods. These crops fetch better market prices and are eligible not only for domestic markets but also for export. As a result, farmers who adopt GAP practices enjoy greater economic benefits, leading to improvements in their livelihoods and socio-economic status.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 75,000 viss of Catla fish sent to Yangon market in June

**Nyaungdon August 1**

Businesspersons from Nyaungdon Township of Ayeyawady Region supplied 75,000 viss of Catla fish to Yangon market in June, said Daw Aye Thuza, the owner of fishery trading depot in Nyaungdon Township.

In May, a total of 45,000 viss (a traditional Burmese unit of weight) of Catla fish from Nyaungdon Township were exported and sold to the Yangon market. In June, an even larger amount—75,000 viss—was exported and sold within just that one-month period. It is reported that seafood trading businesses in the region are actively transporting and selling local fish products, including Catla fish, to the Yangon market.

"We're mainly exporting Catla fish from here to the Yangon market. Starting around the first week of last month, there has been a noticeable increase in demand. Domestic buyers are showing strong interest in Catla fish, and prices have improved accordingly. We sold significantly more in June compared to May. Right now, both demand and prices are strong, so people across different sectors of the fish business are doing well," said Daw Aye Thuza, a fish products trader from Nyaungdon Township.

Catla fish from Nyaungdon Township are being exported to the Yangon market and then further distributed to Nay Pyi Taw and other regions. As these fish are being exported and sold daily, fish farmers, aquaculture workers, traders, and truck drivers involved in the supply chain are experiencing better job opportunities and improved livelihoods.

Kyaw Kyaw Lin


Photo shows Catla fish at a market.

# European powers' rising call for Palestine's statehood exposes transatlantic divide

**London August 1**

Mounting civilian suffering and humanitarian crises in Gaza are pushing European powers toward formal recognition of the State of Palestine, exposing a widening rift between Europe and the United States over the future of the Middle East peace process.

France is taking the lead, with Britain and Germany increasing pressure on Israel to act.

On July 24, French President Emmanuel Macron announced that his country would officially recognize Palestine during the United Nations General Assembly in September, making it the first G7 country to do so.

France's decision marks a shift from previous European positions on the issue. According to Le Monde, the tipping point was Israel's continued bombardment of Gaza and its deliberate obstruction of humanitarian aid, which has fueled famine and civilian suffering.

The failure of ceasefire negotiations, limited U.S. diplomatic engagement, and the Israeli Knesset's recent symbolic vote to annex parts of the West Bank have reinforced perceptions in Paris and London that long-standing international mediation efforts have broken down.

Xinhua



People attend a demonstration in Tel Aviv, Israel, May 28, 2025.

# Kyaukmyaung Sub-Township finishes cultivation of more than 10,000 acres of groundnut

**Kyaukmyaung August 1**

A total of 10,452 acres of groundnut has been cultivated in Kyaukmyaung Sub-Township of Sagaing Region during this monsoon, according to data of the sub-township Agriculture Department.

During the 2025–2026 monsoon crop season, it has been planned to cultivate 12,867 acres of groundnut in Kyaukmyaung Sub-Township. Planting began in May this year, and as of today, 10,452 acres have already been cultivated.

"This year, more than 12,000 acres of groundnut are planned to be cultivated in Kyaukmyaung Sub-Township during the monsoon season. So far, over 10,000 acres have already been planted. Efforts are underway to meet the target acreage. As an oil crop, groundnut cultivation is progressing successfully, and production has shown year-on-year improvement," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

In Kyaukmyaung Sub-Township, it is reported that approximately 1.5 baskets of seed are used per acre of groundnut cultivation. The total cost per acre, including seed expenses, labor wages, fertilizers, and pesticide costs, is over K200,000. Each acre yields over 50 baskets on average.

This year, to ensure the success of groundnut cultivation, officials from the Township Agriculture Department have been conducting field inspections to monitor pest and disease control, and weed management. Field records and monitoring documentation are being maintained as part of these efforts.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် အမှတ်(၁)သံချပ်ကာတပ်က တင့်ကားပေါ်တွင် M134 Minigun လက်နက်တပ်ဆင်၍ ကွင်းဆင်းစမ်းသပ်မှုများပြုလုပ်နေ



အမှတ်(၁) သံချပ်ကာတပ်မသည် M1 Abrams တင့်ကားပေါ်တွင် M134 Minigun လက်နက်တပ်ဆင်ထား၍ ကွင်းဆင်းစမ်းသပ်မှုများ ပြုလုပ်နေကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရဟတ်ယာဉ်များတွင် တပ်ဆင်လေ့ရှိသည့် Gatling gun အမျိုးအစားကို ကမ္ဘာ့အလေးဆုံး သံချပ်ကာယာဉ်များအနက်မှ တစ်ခုဖြစ်သော Abrams တင့်ကားနှင့် ပေါင်းစပ်တပ်ဆင်ထားသည့် ပုံမှန်မဟုတ်သောဖွဲ့စည်းမှုသည် ခေတ်သစ်စစ်မြေပြင်တွင် မောင်းသူမဲ့လေယာဉ်များ တန်ပြန်တိုက်ခိုက်သည့်နည်းဗျူဟာများပြောင်းလဲလာမှုကို ထင်ဟပ်စေသည်။ ကမ္ဘာတစ်ဝန်းတွင် မောင်းသူမဲ့လေယာဉ်ခြိမ်းခြောက်မှုများ မြင့်တက်လာသည်နှင့်အမျှ ဤကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများသည် သမားရိုးကျကာကွယ်ရေးစနစ်များ (active protection systems) အားနည်းချက်ရှိနေနိုင်သည့် အနီးကပ်တိုက်ခိုက်မှုများအတွက် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ရည်ရွယ်လိုခြင်းဖြစ်သည်။ ဤစမ်းသပ်မှုသည် ခေတ်သစ်စစ်မြေပြင်ဆိုင်ရာ မူဝါဒများအပေါ် သက်ရောက်မှုရှိနိုင်သည့် နည်းဗျူဟာဆိုင်ရာ ပြောင်းလဲမှုတစ်ခုကို ပြသနေသည်။

စံသတ်မှတ်ထားချက်အရ ၇ ဒသမ ၆၂ မီလီမီတာ M240 စက်သေနတ်အစား Loader ၏ အပေါ်ဘက်တွင် M134 Minigun လက်နက်ကို တပ်ဆင်ထားခြင်းဖြင့် Abrams တင့်ကားပေါ်တွင် ပစ်အားကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ၎င်းသည် လျှပ်စစ်စွမ်းအင်သုံး ၆ လုံးပြူး Gatling gun စနစ်ဖြစ်ပြီး တစ်မိနစ်လျှင် ကျည်ဆန် ၆၀၀၀ ထိ ပစ်ခတ်နိုင်သဖြင့် ရဟတ်ယာဉ်များ သို့မဟုတ် အထူးတပ်ဖွဲ့ယာဉ်များပေါ်တွင်သာ အများအားဖြင့်တွေ့မြင်ရတတ်သည်။

ဤစမ်းသပ်မှုအတွက် Trijicon MGRS ချိန်ဆိုက်ဖြင့် လိုက်လံချိန်ရွယ်ကာ ကျည်ဆန် ၃၀၀၀ ဆံ့ ကျည်ကပ်ကို တင့်ကား၏ဆုံလည်တွင် ထည့်သွင်းပေးထားသည်။ ၎င်းစနစ်သည် မောင်းသူမဲ့လေယာဉ်များ၊ FPV ဒရုန်းများ သို့မဟုတ် ကာမီကာဇီဒရုန်းများကဲ့သို့သော တာတိုခြိမ်းခြောက်မှုများအတွက် တင့်ကားပေါ်တွင် ကျစ်လျစ်ပေါ့ပါးစွာတင်ဆောင်၍ ပစ်အားသုံး နှိမ်နင်းချေမှုန်းနိုင်မည့် လက်နက်တစ်မျိုးဖြစ်သည်။

ဤစမ်းသပ်မှုသည် အနာဂတ်တိုက်ပွဲဇုန်များ၏ သွင်ပြင်လက္ခဏာကို မောင်းသူမဲ့ လေယာဉ်ခြိမ်းခြောက်မှုများဖြင့် သတ်မှတ်လိမ့်မည်ဟူသော အချက်အပေါ် လက်ခံလာမှုတစ်ခုကို ထင်ဟပ်နေသည်။ Abrams ပင်မတိုက်ပွဲဝင်တင့်ကားကို Minigun လက်နက်တပ်ဆင်ခြင်းဖြင့် အမေရိကန်တပ်မတော်သည် ရှေ့တန်းတပ်ဖွဲ့များကို ကာကွယ်ရေးစနစ်များအပြင် တန်ပြန်ဒရုန်းရန် ကာကွယ်ရေးအတွက် မဖြစ်မနေတပ်ဆင်ပေးနိုင်ရန် ရည်ရွယ်ကြောင်း ပြသနေသည်။

ထို့ပြင် မောင်းသူမဲ့လေယာဉ်များ အမြောက်အမြား ပျံသန်းဝင်ရောက်လာနိုင်သည့်အခြေအနေမျိုး အန္တရာယ်မြင့်မားသော စစ်မြေပြင်နေရာများ၌ တင့်ကားများ၊ သံချပ်ကာကားများအတွက် ရပ်တည်ရှင်သန်နိုင်စွမ်းမြင့်မားစေရန် ကြိုတင်ပြင်ဆင်မှုများကို အရိပ်အမြွက် ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**US Army Tests M134 Minigun on M1 Abrams Tank Highlighting New Anti-Drone Measures for Future Battlefields** ကို ဘာသာပြန်ဆိုထားပါသည်။

## ဘယ်လ်ဂျီယံက ပိုလန်ထုတ် PIORUN ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ဝယ်ယူခဲ့

ဘယ်လ်ဂျီယံနိုင်ငံသည် ပိုလန်နိုင်ငံထုတ် PIORUN ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်(MANPADS) အစုံ ၄၀ ဝယ်ယူခဲ့ကြောင်း ဘယ်လ်ဂျီယံကာကွယ်ရေးဝန်ကြီး Theo Francken က ပြောကြားခဲ့သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလက်နက်စနစ်များကို ယခုနှစ်နှောင်းပိုင်းမှစ၍ စတင်လက်ခံရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ယူရို ၁၃၇ သန်းတန်ဖိုးရှိသည့် အဆိုပါဝယ်ယူရေးစာချုပ်တွင် ဒုံးကျည်ရာပေါင်းများစွာပါဝင်ပြီး ဘယ်လ်ဂျီယံစစ်တပ်အတွက် အထူးသဖြင့် လွန်ခဲ့သော ၁၅ နှစ်ကျော်ကတည်းက ခေတ်မီ တာတိုပစ်လေကြောင်းကာကွယ်ရေးစနစ်မရှိခဲ့သည့် အထူးစစ်ဆင်ရေးတပ်ရင်းကြီး (Special Operations Regiment) ကို တပ်ဆင်ပေးရန် ရည်ရွယ်ထားသည်။

PIORUN ပခုံးထမ်းလက်နက်စနစ်သည် စစ်သည်တစ်ဦးတည်း ကိုင်တွယ်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အပေါ့စားပခုံးထမ်းပစ်နိုင်သော မြေပြင်မှဝေဟင်ပစ်လက်နက် (MANPADS) အမျိုးအစားဖြစ်သည်။ MANPADS များသည် ရဟတ်ယာဉ်များ၊ တောင်ပံပုံသေတပ် လေယာဉ်များနှင့် ဒရုန်းများကဲ့သို့သော အနိမ့်ပျံဝေဟင်ခြိမ်းခြောက်မှုများမှ တာတိုအတွင်းပစ်ချနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဤစနစ်များသည် လျင်မြန်စွာ ဖြန့်ကြက်နိုင်ခြင်း၊ အသုံးပြုရလွယ်ကူခြင်းနှင့် ကိုယ်တိုင်တိုက်ပွဲဝင်နိုင်ခြင်းတို့ကြောင့် ရှေ့တန်းတပ်ရင်း၊ တပ်ဖွဲ့များကို ကာကွယ်ရာတွင် အရေးပါလှသည်။ PIORUN ပခုံးထမ်းလက်နက်စနစ်သည် MANPADS မျိုးဆက်များတွင် နောက်ဆုံးပေါ်လက်နက်စနစ်လည်းဖြစ်ပြီး ခေတ်သစ်စစ်မြေပြင်တွင် ရန်သူ၏ အီလက်ထရွန်နစ်တန်ပြန်မှုများကို ခံနိုင်ရည်ရှိစေရန် အဆင့်မြင့် အာရုံခံကိရိယာများ၊ လမ်းညွှန်မှုစနစ်များနှင့် အီလက်ထရွန်နစ်စနစ်များ အသုံးပြုထားကြောင်း သိရသည်။

ပိုလန်နိုင်ငံ ကာကွယ်ရေးထုတ်လုပ်ရေးလုပ်ငန်း Mesko နှင့် ပိုလန်စစ်ဘက်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်း၍ တီထွင်ထုတ်လုပ်ထားသည့် PIORUN ပခုံးထမ်းလက်နက်စနစ်သည် GROM ပခုံးထမ်းလက်နက်စနစ်ကို အဆင့်မြှင့်ထားသော ဗားရှင်းလည်းဖြစ်သည်။ ၎င်းသည် အပူလှိုင်းဖြင့် ညွှန်ပြထိန်းကျောင်းသည့် ဒုံးကျည်ကို အသုံးပြုထားပြီး ထိမှန်မှုနှင့် အနီးကပ်ပေါက်ကွဲစေနိုင်သော fuze နှစ်မျိုးသုံး ဒုံးထိပ်ဖူးတပ်ဆင်ထားခြင်းကြောင့် လျင်မြန်စွာရွေ့လျားနေသော သို့မဟုတ် သေးငယ်သော ဝေဟင်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။ ဤစနစ်သည် အကွာအဝေး ၆ ဒသမ ၅ ကီလိုမီတာ၊ အမြင့် ၁၀ မီတာမှ မီတာ ၄၀၀၀ ထိ ပစ်မှတ်များကို



တိုက်ခိုက်နိုင်စွမ်းရှိသည်။ အီလက်ထရွန်နစ် နှောင့်ယှက်မှုများ ပြည့်နှက်နေသည့် စစ်မြေပြင်ပတ်ဝန်းကျင်အခြေအနေများတွင် ထိရောက်စွာလုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရာတွင် အနောက်ဥရောပ သို့မဟုတ် အတ္တလန်တိတ်ဖြတ်ကျော် မိတ်ဖက်နိုင်ငံများထံမှ ဝယ်ယူလေ့ရှိသော်လည်း ဤလုပ်ရပ်သည် ပိုလန်နိုင်ငံအပေါ် ယုံကြည်စိတ်ချစွာ ဝယ်ယူခဲ့ခြင်းကို ဖော်ညွှန်းပြသနေသည်။ ထို့ပြင် PIORUN ပခုံးထမ်းလက်နက်စနစ်ကို လက်တွေ့ကျကျ တိုက်ပွဲဝင်သက်သေပြနိုင်ခဲ့မှုအပေါ် NATO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပိုမိုနှစ်ခြိုက်သဘောတွေ့လာခြင်းလည်းဖြစ်နိုင်သည်။ PIORUN ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ဝယ်ယူနိုင်ခဲ့ခြင်းဖြင့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို အဆင့်မြှင့်တင်နိုင်ရုံမျှမက အထူးစစ်ဆင်ရေးတပ်ရင်းကြီးနှင့်အတူ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည့်အတွက် အန္တရာယ်များသော ပတ်ဝန်းကျင်များတွင် လွတ်လပ်စွာ လုပ်ဆောင်လေ့ရှိသည့် တပ်ဖွဲ့ဝင်များအတွက် ရှေ့တန်းကျကျလေကြောင်းရန်ကာကွယ်ရေးကို ပိုင်ဆိုင်ထားနိုင်စေမည်လည်းဖြစ်သည်။ အနာဂတ်တွင်လည်း ယာဉ်တင်ဗားရှင်းများ တွေ့မြင်လာရနိုင်ဖွယ်ရှိနေသေးကြောင်း သိရသည်။

**Breaking News: Belgium enhances air defense with Polish PIORUN portable missile system acquisition** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၀၃၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း မြေပဲ ဧက ၁၀၃၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)






# ကျောင်းကုန်းမြို့နယ် ကျားကိုက်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကျောင်းကုန်း ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖုန်းဆိုးကျေးရွာအုပ်စု ကျားကိုက်ချောင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်မှ မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းများမှ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျားကိုက်ချောင်း ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၀၅ သိန်းကျပ်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၄၆ ဒသမ ၅ သိန်းကျပ်၊ ရေလုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၄၉ သိန်းကျပ်၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃၉ သိန်းကျပ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၀ ဒသမ ငါးသိန်းကျပ် စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

# ကျုံပျော်မြို့နယ်တွင် ငါးပြေမများအရောင်းအဝယ်ကောင်းမွန်နေ



**ကျုံပျော် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ငါးပြေမများအရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ ယနေ့ထိ ငါးပြေမများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအား ကောင်းလာခြင်းကြောင့်အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ငါးပြေမ ပိဿာချိန် ၅၀၀ မှ ၂၅၀၀ ထိ ရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဇူလိုင်လဒုတိယအပတ်ကစပြီး တဖြည်းဖြည်း ဝယ်လိုအားကောင်းလာတာကြောင့် ယနေ့ထိ အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ လက်ရှိ တစ်ရက်ကို ပိဿာချိန် ၂၅၀၀ လောက်ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဒေသ ဈေးကွက်တွေကို တင်ပို့ရောင်းချလျက်ရှိပါတယ်''ဟု ကျုံပျော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ငါးပြေမ ၁၀ ပိဿာလျှင် ၁၇၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ကုန်သည်များ၊ ငါးမွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်သားများ၊ မော်တော်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းနေမှု စစ်ဆေး

**ပြည် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဘန့်ပြင်ကျေးရွာအုပ်စု ပေါင်းတရာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများမှ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါ်မိမိထွေး၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ဝန်ထမ်းများမှ ပေါင်းတရာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက် လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ် အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီးနောက် ညွှန်ကြားရေးမှူးချုပ်က ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၅ သန်း၊ စုစုပေါင်းငွေကျပ် သန်း ၄၀ ဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၁၂ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**




ရှေ့ဖုံးမှအဆက်

ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရန်လိုကြောင်း၊ ပြည်သူများ၏လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်သည်ကို နိုင်ငံတော်အကြီးအကဲက ပြည်သူများကို အသိပေးပြောကြားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲမပေးနိုင်သူများကို ကြိုတင်မဲများပေးနိုင်ရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများမရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို ...**

**နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရန်လို ...**

ကျင်းပနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက ကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

### နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပြီး ဆင်းရဲမှုလျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက အလေးပေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို စနစ်တကျ အသုံးချရန်လိုသကဲ့သို့ တစ်ဧကပန်းတိုင်အတွက်နှုန်းများတိုးတက်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး အတွက်လည်း နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများမှ မိမိတို့နိုင်ငံအတွက်လိုအပ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဆီဖူလုံရေး၊ ဆီချွေတာနိုင်ရေးအတွက် ယခင်ကတည်းက ဆောင်ရွက်လျက်ရှိသော်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံများထုတ်လုပ်မှုပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်သည့် နေရာများတွင် ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်၍ အထွက်ကောင်းအောင် စိုက်ပျိုးရန်နှင့် နေကြာစိုက်ပျိုးမှုအား ယခုထက်ပိုမိုတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"**ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိပြီး အဆိုပါစိုက်ပျိုးမြေများကို ထိရောက်စွာ အသုံးချသွားရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် အသားငါးများ ပြည်တွင်း၌ ဖူလုံမှုရှိအောင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စသည်တို့ကိုလည်း ဒေသအလိုက် မွေးမြူသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကို နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ရန်ပုံငွေများကို ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ရန်အတွက် နှစ်စဉ်ချထားပေးသည့် နိုင်ငံတော်ရန်ပုံငွေများကို အကျိုးရှိစွာဖြင့်အသုံးချပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံသဖြင့် အတန်းပညာများမြင့်မားစေရေး မဖြစ်မနေ အားပေးဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး အလေးထား ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် လေ့လာသုံးသပ် သုတေသနပြုလုပ်၍ ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအား ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

သွားရန်လိုကြောင်း၊ နောင်လာမည့် အစိုးရအနေဖြင့်လည်း နိုင်ငံ၏ ပညာရေးကဏ္ဍ မြင့်မားရေးကို ဆက်လက်အားပေးဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားခဲ့ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး ထိထိရောက်ရောက်ဖော်ဆောင်နိုင်မည့် မူဝါဒများ၊ စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဒေသများတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေး စောင့်ရှောက်မှုများတွင် အားနည်းချက်များ ရှိနေသေးကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွယ်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်သည့်အချိန်တွင်လည်း သက်ဆိုင်ရာ တာဝန်ကျသည့်နယ်မြေဒေသများသို့ အမှန်တကယ်သွားရောက် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ သွားရောက်သည့်ကာလတွင်လည်း အချိန်ကာလတစ်ခုသတ်မှတ်၍ တာဝန်ပေးအပ်သွားရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် "ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်"၊ "လူ့အသက်ထက်အရေးကြီးတာဘာမျှမရှိ"၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည်" ဆိုသည့် မူဝါဒအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

### နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးခြင်း၊ လျှောင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြစ်ချောင်းများတိမ်ကောမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင်က ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုများ တိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"**ဆိုသည့်အတိုင်း သစ်တောဧရိယာများ၌ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အတွက် လက်ရှိအချိန်တွင် ဆောင်ရွက်ရန်လိုအပ်သည်များကို မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့မျှော်မှန်းထားသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကျရောက်ခဲ့သည့်ဒေသများ၌ မိုးတွင်းကာလဖြစ်သဖြင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း၌ သင့်တင့်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး ဝန်ကြီးဌာနများအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့်စပ်လျဉ်း၍ ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ အချိန်မီရရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေများ ယခုထက် ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တောင်သူများ၏ စားဝတ်နေရေးအတွက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် စိုက်ဧကပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကာလတွင် နိုင်ငံတော်အနေဖြင့် အခက်အခဲများကိုကျော်လွှားပြီး ဆောင်ရွက်နိုင်ခဲ့သည်များ ရှိပါကြောင်း၊ အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း နိုင်ငံတော်၏ရည်မှန်းချက်များနှင့် ဦးတည်ချက်(၄)ရပ်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (မြန်)

**နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကို နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ရန်ပုံငွေများကို ချထားဆောင်ရွက်ပေးလျက်ရှိ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ရန်အတွက် နှစ်စဉ်ချထားပေးသည့် နိုင်ငံတော်ရန်ပုံငွေများကို အကျိုးရှိစွာဖြင့် အသုံးချပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လို ...**

☆ **ကျောဖုံးမှအဆက်**

အဆင်ပြေချောမွေ့စေရေးအတွက် မြန်နန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၆ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

၎င်းပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မြန်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ (၁-၈-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကော့သောင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# ၂၀၂၅ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
၂၀၂၅ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို
ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁/၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း၈ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ၂၀၂၅ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၂ ကို အကိုးအကားပြု၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၅၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များကို ရပ်ဆိုင်းထားလိုက်သည်။

၄။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များဖွဲ့စည်းခြင်းမပြုနိုင်သေးမီ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်သည့်ကာလအတွင်းသာဖြစ်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၉/ ၂၀၂၅) ထုတ်ပြန်

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် အမိန့်အမှတ်(၁၁/၂၀၂၅)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဆက်လက်ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ကော်မရှင်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုအသွင်သဏ္ဌာန်နှင့်လိုက်လျောညီထွေရှိစေရန်၊ ခိုင်မာစွာရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် ပြည်သူများကို လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်ထိတွေ့ဆောင်ရွက်ခြင်း စသည့်တာဝန်နှင့်လုပ်ငန်းများကို ရှေ့လုပ်ငန်းစဉ်မူဘောင် (The Framework of Action Plan)နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan)ဖြင့် ဆောင်ရွက်လျက်ရှိသည်။

၄။ လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူများလူ့အခွင့်အရေးဆိုင်ရာ အသိအမြင်ဗဟုသုတရရှိစေရန် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လထိ လူမှုအဖွဲ့အစည်းအသီးသီးအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ လေးကြိမ်၌ တက်ရောက်သူဦးရေ ၆၁၀ ကို ဟောပြောခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဝန်ကြီးဌာနများက ဖွင့်လှစ်သော သင်တန်းများတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချဆွေးနွေးမှု ၃၅ ကြိမ်၌ နိုင်ငံ့ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၂၈၆၈ ဦးတို့ကို ပို့ချဆွေးနွေးခဲ့သည်။

၅။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက် ၁၅၉ စောင်ကို လက်ခံရရှိခဲ့ရာ တိုင်တန်းစာ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး ၂၉ ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့သည်။ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ အကျဉ်းထောင် ငါးခု၊ အချုပ်ထောင် တစ်ခု၊ အကျဉ်းစခန်း ခုနစ်ခု၊ ရဲစခန်းအချုပ်ခန်း လေးခု၊ တရားရုံးအချုပ်ခန်း တစ်ခု၊ လူငယ်သင်တန်းကျောင်း နှစ်ခုနှင့် ဘိုးဘွားရိပ်သာ လေးခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက် ၁၇၉ ချက်ပေးပို့ခဲ့သည်။

၆။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လထိ ကော်မရှင်၏ဥပဒေရေးရာဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများက ပေးပို့လာသော ဥပဒေ(မူကြမ်း) နှစ်ရပ်အပေါ် လူ့အခွင့်အရေးဆိုင်ရာ သဘောထားအကြံပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များအနက် Convention on the Elimination of All Forms of Discrimination against Women – CEDAW အစီရင်ခံစာနှင့် Convention on the Rights of the Child–CRC အကောင်အထည်ဖော်မှု နိုင်ငံအဆင့်အစီရင်ခံစာများ ပြုစုရာတွင် ပံ့ပိုးကူညီခြင်းတို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD)နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်(CEDAW–OP)တို့ကို ဘာသာပြန်ဆိုပုံနှိပ်ခဲ့သည်။

၇။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှုအနေဖြင့် ကော်မရှင်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အစည်းအဝေး တစ်ကြိမ်၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နှစ်ကြိမ်၊ အဆင့်မြင့်အစည်းအဝေး တစ်ကြိမ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ နိုင်ငံတကာနှင့် ဒေသတွင်းလူ့အခွင့်အရေးအဖွဲ့အစည်းများက ကျင်းပသော လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစီအစဉ်များသို့ ခြောက်ကြိမ် ပါဝင်တက်ရောက်ခဲ့သည်။

၈။ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သင့်လျော်သလိုထုတ်ပြန်ခြင်းများ ဆောင်ရွက်ရန်တာဝန်ရှိသည့်အလျောက် ကော်မရှင်၏ ဆောင်ရွက်ချက်သတင်းများကို ပြည်သူအများသိရှိနိုင်စေရန် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများ၊ ကော်မရှင် Website နှင့် Myanmar NationalPortal တို့တွင် ဖော်ပြလျက်ရှိသည့်အပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များကိုလည်း အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိသည်။

၉။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင်အနေဖြင့် နိုင်ငံသားတို့၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို တိုင်းစစ်ဌာနချုပ် တိုင်းအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ဖြစ်သည့် မုံရွာတပ်နယ်အသင်းနှင့် စခန်း(နမခ)အသင်းတို့၏ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော စခန်း(နမခ) အသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၀/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ အောက်ပါပုဂ္ဂိုလ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစောထွန်းအောင်မြင့် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသိန်းညွန့် | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်ဆွေ | အဖွဲ့ဝင် |
| (၄) | ဒေါ်အေးနုစိန် | အဖွဲ့ဝင် |
| (၅) | စောဒန်နီယယ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာဗညားအောင်မိုး | အဖွဲ့ဝင် |
| (၇) | ဒေါက်တာမောင်မောင်နိုင် | အဖွဲ့ဝင် |
| (၈) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၉) | ဦးရန်ကျော် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ဒွဲဘူ | အဖွဲ့ဝင် |
| (၁၃) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာဘရွှေ | အဖွဲ့ဝင် |
| (၁၆) | ခွန်စံလွင် | အဖွဲ့ဝင် |

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၄ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ရုံး၊ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး |
| (၂) | ဦးထင်ကျော်သူ | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| (၃) | ဦးအောင်ကျော်ထွန်း | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၄) | ဦးအောင်မြင့် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဗိုလ်ချုပ်ကိုလေး | ကာကွယ်ရေးဝန်ကြီးဌာန |
| (၆) | ဗိုလ်ချုပ်အောင်ကျော်ကျော် | ပြည်ထဲရေးဝန်ကြီးဌာန |
| (၇) | ဒေါ်သန်းသန်းလင်း | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၈) | ဦးဟန်ဝင်းအောင် | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၉) | ဦးနိုင်မင်းကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဦးကိုကိုကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၁) | ဗိုလ်ချုပ်ဖြိုးသန့် | နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၂) | ဦးရဲတင့် | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၃) | ဗိုလ်ချုပ်ဇော်မင်းထွန်း | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၄) | ဦးအေးထွန်း | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၅) | ဒေါ်နုမြဖဲ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာအောင်ကြီး | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာတင်ထွဋ် | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၈) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၉) | ဦးမင်းသူ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂၀) | ဦးအေးကျော် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၂၁) | ဦးသန့်စင် | စွမ်းအင်ဝန်ကြီးဌာန |
| (၂၂) | ဦးဌေးလှိုင် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂၃) | ဦးဝင်းရှိန် | အလုပ်သမားဝန်ကြီးဌာန |
| (၂၄) | ဦးမင်းမင်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၅) | ဦးကျော်ရွှေထွန်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၆) | ဒေါက်တာဇော်မြင့် | ပညာရေးဝန်ကြီးဌာန |
| (၂၇) | ဦးနေမျိုးလှိုင် | ပညာရေးဝန်ကြီးဌာန |
| (၂၈) | ဒေါက်တာအောင်ဇေယျ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (၂၉) | ဒေါက်တာအေးထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၃၀) | ဦးဇင်မင်းထက် | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၁) | ဦးထိန်လင်း | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၂) | ဦးမျိုးမြင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၃၃) | ဒေါက်တာသန်းစိုး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၃၄) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| (၃၅) | ဦးဇော်အေးမောင် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၁**




မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ခရိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများမှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စပါးသီးနှံနှင့် ဆီထွက်သီးနှံပန်းတိုင်အထွက်နှုန်းထွက်ရှိရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းလေးသွယ်သည် အဓိကကျပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော မြေသြဇာများ အချိန်မီ အချိုးကျထည့်သွင်းနိုင်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ယူရီးယားမြေသြဇာနှင့် ကွန်ပေါင်းမြေသြဇာအိတ်များကို သက်သာသောနှုန်းထားဖြင့် တောင်သူများလက်ဝယ် ဖြန့်ဖြူး ပေးသွားမည်ဖြစ်ပါကြောင်း၊ ကောက်စိုက်စက်များ၊ လက်ဆွဲကောက်စိုက်စက်များ၊ လက်ဆွဲမျိုးစေ့ချကိရိယာတို့ဖြင့် တွင်ကျယ်စွာအသုံးပြုသွားရန် လိုအပ်ပါကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာကို ကျောက်ဆည်မြို့ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)က မှာယူဖြန့်ဖြူးပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရန် ဒေသအလိုက် ပန်းတိုင်အထွက်နှုန်း ထွက်ရှိနိုင်သည့် စိုက်ပျိုးမြေများကို စနစ်တကျရွေးချယ်စိုက်ပျိုးသွားရန်၊ ကောက်ကွက်ပြည့်မီရန်၊ ပညာရပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများတွင် တောင်သူများ ပိုမိုစိတ်ပါဝင်စားစွာ လိုက်ပါဆောင်ရွက်လာကြရန်နှင့် နိုင်ငံတော်၏ ရည်မှန်းချက်များပြည့်မီအောင်၊ ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးဦးစီးမှူးများနှင့် ခရိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီများမှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များ၊ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ကျေးရွာ လေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း(၉/၀)မိုင် လုပ်ငန်းဖွင့်ပွဲ ပြုလုပ် နောင်လျန်ရေလှောင်တမံစီမံကိန်းနေရာအား ကြည့်ရှု



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ကျေးရွာ လေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း(၉/၁)မိုင်လုပ်ငန်းဖွင့်ပွဲသို့တက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ကျေးရွာ လေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း (၉/၁)မိုင်လုပ်ငန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် လွိုင်မွေတောင်စခန်းမြို့ လွိုင်မွေရေကန်ကြီးအနီး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အဆိုပါ လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လွိုင်မွေဒေသကျေးရွာ လေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း (၉/၁)မိုင်လုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော်တည်ဆောက်မည့် လွိုင်မွေမြို့ နောင်လျန်(၆)ကျေးရွာအနီးရှိ နောင်လျန်ရေလှောင်တမံတည်ဆောက်မည့် စီမံကိန်းလျာထားနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ❑ ဗိုက်ကျော်ခြင်းပြိုင်ပွဲမှ

အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ယင်းနောက် အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂ ရက် နံနက် ၉ နာရီမှစတင်၍ အမျိုးသား၊ အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| **အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်** | |
|---|---|

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# သပိတ်ကျင်းမြို့နယ် အုန်းပိုင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုန်းပိုင်ကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အုန်းပိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၁**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။


ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ အသင်းလိုက် ဆုတံဆိပ်၊ ဒိုင်းဆုရရှိသော ကွန်ဟိန်းတပ်နယ်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များကို ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ












နေပြည်တော် ဩဂုတ် ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် သုည ဒသမ ၈၇၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၂၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား(နှာပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၁၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၅၂၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၁၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ယနေ့တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၉၆၄ တန်၊ သစ်မာ ၆ ဒသမ ၀၅၃ တန်၊ အခြားသစ် ၁၄ ဒသမ ၄၃၀ တန်၊ မီးသွေး ၃ ဒသမ ၂၀၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၂၆၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၃၃၂၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ရှစ်လုံးထိုးအင်ဂျင် နှစ်လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၃၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၇၅၀၀၀ ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရွှေဘိုမြို့ နယ်မြေခံ လေ့ကျင့်ရေးတပ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများနှင့် ဖြတ်စရောရာ ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀ ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၂၅၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၇)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၃၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၂၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃၀ ရက်၊ ၃၁ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၀ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၅၈၇၆၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ချမ်းမြသာစည်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁

ချမ်းမြသာစည်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် လမ်း ၁၁၀ တွင် ပြည်သိမ်း မောင်းနှင်ပြီး စိုင်းဖြိုးမင်းနိုင်နှင့် သက်ထွဋ်ဦးတို့ လိုက်ပါလာသည့် MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးပြား ၃၉၃၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၉၆၅ သိန်း)၊ စိတ်ပြောင်းဆေးဝါး (HAPPY WATER) သုည ဒသမ ၉၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၄၀)တို့ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက်ရှိ ပြည်သိမ်း ငှားရမ်းနေထိုင်သည့်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ပြောင်းဆေးဝါး(HAPPY WATER) သုည ဒသမ ၂၂ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၆၄ သိန်း)နှင့် ကက်တမင်း သုည ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း၆၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် သတင်းအရ တိုက်ကြီးမြို့နယ် ဥပ္ပံ့စုရပ်ကွက် မြဝတီလမ်းရှိ ဒေါ်စိုးစိုးရီ၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီညီအောင်(ခ)ရာစင်းအားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၀(တစ်ပြားလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃၂ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@myogyi4665” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက်(မြောက်)နေ လှဦးအား မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# စစ်မှုထမ်းခြင်း၏ထပ်လောင်းအကျိုးကျေးဇူးများ

သန်းထွန်းဝင်း(အညာမြေ)

တပ်မတော်သည် ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ရာ၊ အငြိမ်းစားယူမှု၊ ငွေကြေးတည်ငြိမ်မှုနှင့် အခြားအရာများအပါအဝင် မိမိတို့၏တပ်ဖွဲ့များ အတွက် အားကျစရာ အကျိုးကျေးဇူးတချို့ ပေးဆောင်သည်ကို လူတိုင်းသိသည်။ သို့သော်လည်း စစ်မှုထမ်းခြင်း၏ အကျိုးကျေးဇူးမှာ ထင်သာမြင်သာ ရှိသည့်အရာများထက် ပို၍အကျိုးကျေးဇူးများသည်။ စစ်မှုထမ်းရခြင်း၏ အကျိုးကျေးဇူးများတွင် မကြာခဏပြောဆိုခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းမရှိသော နောက်ထပ်အကျိုးကျေးဇူးများစွာလည်း ပါဝင်သည်။ စစ်မှုထမ်းခြင်း၏ သာမန်သိမြင်နိုင်ခြင်း မရှိသည့် ထပ်လောင်းအကျိုးခံစားခွင့်တချို့ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

**စစ်မှုထမ်းခြင်း၏ ထပ်လောင်းအကျိုးကျေးဇူးများ**

တစ်စုံတစ်ဦးသည် တပ်မတော်သို့ဝင်ရောက်ရန်ဆုံးဖြတ်နိုင်သည့် အကြောင်းရင်းများစွာရှိနေတတ်သည်။ ယေဘုယျအားဖြင့် တစ်စုံတစ်ဦးသည် ၎င်းတို့ထက် ကြီးမြတ်သောအရာတစ်ခု၏တစ်စိတ်တစ်ပိုင်းဖြစ်လိုသည်ဖြစ်စေ ပါဝင်ခြင်းမှရရှိသည့် အကျိုးကျေးဇူးတချို့ကို လိုချင်ကြသည်။ ပိုမိုထင်ရှားသောအကျိုးခံစားခွင့်များကို လူအများက ရင်းနှီးနေကြသော်လည်း တပ်မတော်တွင် အမှုထမ်းခြင်း၏ လူသိနည်းသော နောက်ထပ်အကျိုးကျေးဇူးတချို့လည်းရှိနေသေးသည်။ ၎င်းကို စစ်မှုထမ်းခြင်း၏ အပိုအကျိုးခံစားခွင့်ဟုပင်ဆိုနိုင်သည်။

**ကိုယ်ရည်ကိုယ်သွေးတိုးတက်ခြင်း**

စစ်မှုထမ်းရခြင်း၏အထင်ရှားဆုံးသော အကျိုးကျေးဇူးများအနက် တစ်ခုမှာမိမိကိုယ်ကို တိုးတက်မှုအတွက် ထူးခြားသောအခွင့်အလမ်းဖြစ်သည်။ သင်သည် မတူညီသောအရာများစွာကို လေ့လာသင်ယူနိုင်ပြီး ပိုမိုကောင်းမွန်သောလူတစ်ဦးဖြစ်လာစေရန်ကူညီပေးမည့် ကျွမ်းကျင်မှုများတိုးပွားလာမည်ဖြစ်သည်။ ဥပမာအားဖြင့် သင်လေ့လာနိုင်သည့်အရာတချို့တွင် အောက်ဖော်ပြပါအရာများကို တွေ့ရှိမည်ဖြစ်သည်။

**မိမိကိုယ်ကို ဆင်ခြင်သုံးသပ်ခြင်း**

တပ်မတော်သည် သင့်အား သင်၏အတိတ်နှင့် ယခုသင်ရောက်ရှိနေသည့်နေရာတွင် သင်လုပ်ဆောင်ခဲ့သော ဆုံးဖြတ်ချက်များအပါအဝင် သင့်ဘဝကို ပြန်လည်သုံးသပ်ရန် အခွင့်အရေးတစ်ခုပေးသည်။ သင်၏အမှားများမှသင်ခန်းစာယူပြီး သင်၏အနာဂတ်အတွက် အကောင်းမြင်စိတ်ရှိရေးအာရုံစိုက်ရန် အခွင့်အရေးရလိမ့်မည်ဖြစ်သည်။ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်းသည် မိမိကိုယ်ကိုမြှင့်တင်ရန် အရေးကြီးပြီး တပ်မတော်သည် သင့်ကိုအခွင့်အလမ်းများစွာပေးသည်။

**အမှီအခိုကင်းမှု**

အလုပ်တွင်ဖြစ်စေ၊ အိမ်တွင်တာဝန်ယူရသည့်အခါဖြစ်စေ စစ်မှုထမ်းသည့်အခါ ပိုမိုအမှီအခိုကင်းစေရန် မည်သို့လုပ်ဆောင်ရမည်ဟူသော အချက်ကို သင်ယူရမည်ဖြစ်သည်။ အမှီအခိုကင်းမှုသည် အရွယ်ရောက်ပြီးသောဘဝတွင် အောင်မြင်သောဘဝနေထိုင်ရန် အရေးကြီးပြီး ဤကျွမ်းကျင်မှုသည် စစ်မှုထမ်းချိန်အတွင်းနှင့် အပြီးတွင် အသုံးဝင်မည်ဖြစ်သည်။

**တာဝန်ခံမှု**

စစ်ဘက်တွင် တာဝန်ထမ်းဆောင်ခြင်းသည် သင့်ကိုယ်သင် တိုးတက်မှုအတွက် အရေးကြီးသည့် သင်၏လုပ်ဆောင်ချက်များနှင့် တာဝန်များအတွက် တာဝန်ခံမှုရှိရန် တွန်းအားပေးသည်။ သူတစ်ပါးကို အပြစ်ပုံချခြင်း သို့မဟုတ် ဖြစ်ပျက်သမျှအရာအားလုံးသည် သင့်ထိန်းချုပ်မှုအောက်မှဖြစ်သည်ဟု ယုံကြည်ခြင်းထက် အလုပ်တွင်သာမက သင့်ကိုယ်ရေးကိုယ်တာဘဝတွင်ပါ သင့်တာဝန်နှင့်ဝတ္တရားများကို တာဝန်ယူတတ်ရန် တပ်မတော်က သင်ပေးသည်။

> ❖တစ်စုံတစ်ဦးသည် တပ်မတော်သို့ဝင်ရောက်ရန် ဆုံးဖြတ်နိုင်သည့် အကြောင်းရင်းများစွာရှိနေတတ်သည်။ ယေဘုယျအားဖြင့် တစ်စုံတစ်ဦးသည် ၎င်းတို့ထက် ကြီးမြတ်သောအရာတစ်ခု၏တစ်စိတ်တစ်ပိုင်းဖြစ်လိုသည်ဖြစ်စေ ပါဝင်ခြင်းမှရရှိသည့် အကျိုးကျေးဇူးတချို့ကို လိုချင်ကြသည်။ ပိုမိုထင်ရှားသောအကျိုးခံစားခွင့်များကို လူအများက ရင်းနှီးနေကြသော်လည်း တပ်မတော်တွင်အမှုထမ်းခြင်း၏လူသိနည်းသော နောက်ထပ်အကျိုးကျေးဇူးတချို့လည်းရှိနေသေးသည်။ ၎င်းကို စစ်မှုထမ်းခြင်း၏ အပိုအကျိုးခံစားခွင့်ဟုပင်ဆိုနိုင်သည်။ ❖

**စိတ်ခွန်အားပေးမှု**

စစ်သည်ဒုက္ခကိုရင်ဆိုင်ရန် ကြံ့ကြံ့ခံနိုင်ပုံကို သင်ပေးသည်။ စစ်မှုထမ်းစဉ်တွင် သင်ရင်ဆိုင်ရမည့် စိန်ခေါ်မှုများစွာရှိသော်လည်း အဆိုပါအခက်အခဲများကိုရင်ဆိုင်နိုင်ရန် သင်ယူခြင်းသည် နောင်အနာဂတ်တွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ပိုမိုလွယ်ကူစေသည်။

**ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေခြင်း**

စစ်မှုထမ်းခြင်းတွင် သင်ရရှိသောလေ့ကျင့်မှုသည် သင့်နယ်ပယ်နှင့်သက်ဆိုင်သည့် ကျွမ်းကျင်မှုများနှင့် မည်သည့်အသက်မွေးဝမ်းကျောင်းတွင်မဆို သင်အသုံးပြုနိုင်သည့် ပိုမိုကျယ်ပြန့်သော စွမ်းရည်နှစ်ခုစလုံးကို တိုးတက်စေရန် ကူညီပေးလိမ့်မည်ဖြစ်သည်။ စစ်မှုထမ်းစဉ် သင်ရရှိမည့် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်မှုတချို့တွင် အောက်ဖော်ပြပါအချက်များကို ထင်ရှားစွာတွေ့ရမည်ဖြစ်သည်။

**မိမိကိုယ်ကို စည်းကမ်းလိုက်နာခြင်း**

စစ်မှုထမ်းအဖွဲ့ဝင်များသည် ၎င်းတို့၏အလုပ်တွင် စည်းကမ်းရှိရန် လိုအပ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အလုပ်နှင့် ဘဝတာဝန်များကို စီမံခန့်ခွဲရန်အတွက် စေ့ဆော်မှုရှိရန် လိုအပ်သည်။ စစ်မှုထမ်းကာလပြီးဆုံးပြီးနောက် သင်၏အရပ်သား အသက်မွေးဝမ်းကျောင်းကို စတင်ချိန်တွင် ဤကျွမ်းကျင်မှုသည် အသုံးဝင်ပြီး လေ့ကားတစ်ခုကဲ့သို့ တက်လှမ်းရန်အတွက် စည်းကမ်းရှိရန် လိုအပ်သည်။

**ခေါင်းဆောင်မှု**

တပ်ဖွဲ့ဝင်များကို ယုံကြည်မှုနှင့် သမာဓိရှိရှိ ဦးဆောင်ရန် သင်ကြားပေးပြီး ၎င်းတို့ဖွံ့ဖြိုးလာသော ခေါင်းဆောင်မှုစွမ်းရည်များသည် စစ်မှုထမ်းပြင်ပဘဝနှင့် အသက်မွေးဝမ်းကျောင်းများတွင် ထူးချွန်စေရန် ကူညီပေးလိမ့်မည်ဖြစ်သည်။

**အဖွဲ့လိုက် လုပ်ဆောင်မှု**

စစ်မှုထမ်းခြင်း၏ တစ်စိတ်တစ်ပိုင်းသည် အဖွဲ့တစ်ခု၏ ခွဲထွက်ခြင်းကိုဆိုလိုသည်။ ဘဝတွင် သင်လုပ်သမျှ အားလုံးနီးပါးသည် အခြားသူများနှင့် လက်တွဲရမည်ဖြစ်သောကြောင့် တပ်မတော်တွင် အဖွဲ့လိုက်လုပ်ဆောင်ရန် သင်ယူခြင်းက သင်၏ ကိုယ်ရေးကိုယ်တာနှင့် ဘဝတွင်အောင်မြင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများကို အထောက်အကူပေးလိမ့်မည်ဖြစ်သည်။

**လိုက်လျောညီထွေရှိမှု**

တပ်မတော်၌ တာဝန်ထမ်းဆောင်ချိန်တွင် လိုက်လျောညီထွေရှိရန် လိုအပ်သည့် သင်တွေ့ကြုံရမည့် စိန်ခေါ်မှုအမျိုးမျိုးရှိသည်။ ထိုလိုက်လျောညီထွေရှိမှုသည် သင့်ဘဝ၏ အခြားအစိတ်အပိုင်းများတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ အထူးသဖြင့် တပ်မတော်ပြင်ပတွင်အသုံးပြုနိုင်သည့် အဖိုးတန်ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။

**ဆက်သွယ်ပြောဆိုမှု**

ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနည်းကို သင်ယူခြင်းသည် သင်၏ ပုဂ္ဂိုလ်ရေးဘဝတွင် အရေးကြီးသည်။ စစ်ဆင်ရေးများ ချောမွေ့စေရန် အတွက် တပ်မတော်သည် စစ်မှုထမ်းများကြား ထိရောက်သော ဆက်သွယ်မှုလိုအပ်သောကြောင့် တပ်ဖွဲ့များနှင့် မည်သို့အကောင်းဆုံး ဆက်သွယ်ရမည်ကို လေ့လာနိုင်မည်ဖြစ်သည်။ ဤအရာများသည် စစ်မှုထမ်းစဉ်အတွင်းနှင့် သင်၏ စစ်မှုထမ်းဘဝအပြီးတွင် သင့်ကိုယ်ရေးကိုယ်တာနှင့် ဘဝတွင် သင့်ကိုပိုမိုအောင်မြင်စေရန် ကူညီပေးမည်ဖြစ်သည်။

**ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု**

စစ်မှုထမ်းရခြင်းသည် သင်၏တပ်ဖွဲ့ဝင်အချင်းချင်း သို့မဟုတ် သင်တာဝန်ထမ်းဆောင်နေချိန် အခြားတပ်မတော်များနှင့်ဆက်ဆံရေးတည်ဆောက်စဉ် လူအချင်းချင်းဆက်ဆံရေးကို တည်ဆောက်ရာတွင်ကူညီပေးသည်။ တပ်ဖွဲ့ဝင်များကြား ခင်မင်ရင်းနှီးမှုသည် ရေရှည်စိတ်ကျန်းမာရေးအတွက် အရေးကြီးသည့် တစ်သက်တာ မိတ်ဖွဲ့မှုအဖြစ် ပြောင်းလဲနိုင်သည့် နက်နဲသောနှောင်ကြိုးကိုဖန်တီးပေးသည်။ သဘောထားကွဲလွဲမှုများကြားမှပင် အသင်းအဖွဲ့တစ်ခုနှင့် ကောင်းစွာအလုပ်လုပ်ဆောင်မှု၊ အခြားသူများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်ရမည်ကိုလည်း သင်ယူနိုင်သည်။ ဤကျွမ်းကျင်မှုကို သင်ယူခြင်းသည် ဘဝတွင်အရေးကြီးသည့်စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်ရေးနှင့် ဘဝတွင်ရင့်ကျက်ပြီး ကောင်းမွန်သော ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးလိမ့်မည်ဖြစ်သည်။

**ယဉ်ကျေးမှုဆိုင်ရာထိတွေ့မှု**

စစ်မှုထမ်းရခြင်း၏အကြောင်းရင်းများစွာအနက် တစ်ခုမှာ ၎င်းတို့သည် အခြားနည်းဖြင့် လုပ်ဆောင်ရန် အခွင့်အရေးမရှိသည့်အခါ ကမ္ဘာလှည့်ခရီးသွားခြင်းဖြင့် အတွေ့အကြုံများရရှိနိုင်သည်။ သင့်လုပ်ငန်းဆောင်ရွက်စဉ်အတွင်း အနည်းဆုံးတစ်ကြိမ် အိမ်နှင့်ဝေးရာသို့ တာဝန်ပေးအပ်ခံရဖွယ် ရှိကောင်း ရှိနိုင်သည်။ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် သင်သိထားသည်ထက် မတူကွဲပြားသောယဉ်ကျေးမှုနှင့် လူနေမှုပုံစံများကို ဖော်ထုတ်ပေးသည့်ဒေသ သို့မဟုတ် နိုင်ငံရပ်ခြားသို့ သွားရောက်နိုင်သည့် အခွင့်အရေးလည်း ရှိနိုင်သည်။ ဤထိတွေ့မှုသည် သင်၏ အတွေးအမြင်ကိုချဲ့ထွင်ရန်နှင့် ပြင်ပတွင် ယဉ်ကျေးမှုကွဲပြားမှုများကို သိရှိလာစေခြင်း အပါအဝင် အကျိုးကျေးဇူးများစွာရှိသည်။ အခြားသူများ၏ဘဝနေထိုင်ပုံ၊ ၎င်းတို့၏ ရုန်းကန်မှုများနှင့် အတွေ့အကြုံများအကြောင်း ကြားသိရခြင်းသည် ၎င်းတို့ရုန်းကန်ရမှုများကို ပို၍ပင်စာနာနိုင်စေပြီး သင့်ကိုပို၍ဂရုစိုက်ကာ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူ ဖြစ်လာစေသည်။

**ရည်ရွယ်ချက်အာရုံခံစားမှု**

ကျန်းမာရေးစောင့်ရှောက်မှုနှင့် အငြိမ်းစားယူခြင်းကဲ့သို့သော ခံစားခွင့်များအပြင် တပ်မတော်တွင်ပါဝင်အမှုထမ်းခြင်း၏ အထင်ရှားဆုံးအကျိုးကျေးဇူးတစ်ခုမှာ စစ်ဘက်အသက်မွေးဝမ်းကျောင်းကမ်းလှမ်းမှုတစ်ခု၏ ရည်ရွယ်ချက်အာရုံခံစားမှုဖြစ်သည်။ ရည်ရွယ်ချက်ရှိရှိဖြင့် တစ်ခုခုကိုဦးတည်လုပ်ဆောင်ရခြင်းသည် ပိုမိုပြည့်စုံသည့် ဘဝအတွေ့အကြုံကိုဖန်တီးပေးသည်။ သင့်အနေဖြင့် လမ်းစပျောက်ဆုံးနေသည်ဟုခံစားရလျှင် သို့မဟုတ် သင့်ဘဝအတွက် လုပ်ချင်သည့်အရာ မသေချာမရေရာဖြစ်လျှင် တပ်မတော်သို့ဝင်ရောက်အမှုထမ်းခြင်းက သင့်အတွက် ရည်ရွယ်ချက်နှင့်ဦးတည်ချက်ကိုပေးစွမ်းနိုင်သည်။

**လျှော့ဈေးများနှင့် အကျိုးခံစားခွင့်များ**

စစ်မှုထမ်းဖြစ်ခြင်းဆိုသည်မှာ အရပ်သားများ မရရှိနိုင်သည့် လျှော့ဈေးများနှင့် အကျိုးခံစားခွင့်များကိုသင်ရရှိခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများစွာသည် ၎င်းတို့၏အနစ်နာခံမှုအတွက် ကျေးဇူးတင်ကြောင်းပြသရန်နှင့် ပံ့ပိုးကူညီမှုပြသသည့်နည်းလမ်းအဖြစ် ဝယ်ယူမှုများပြုလုပ်သည့်အခါ ဝန်ဆောင်မှုအဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုများကို လျှော့ဈေးများပေးဆောင်မည်ဖြစ်သည်။ ၎င်းကို အိန္ဒိယအပါအဝင်နိုင်ငံတချို့တွင် တွင်ကျယ်စွာကျင့်သုံးလာနေပြီဖြစ်သည်။ အချို့လေကြောင်းလိုင်းများသည် လျှော့ဈေးများ ပေးဆောင်နိုင်ပြီး ခရီးသွားသည့်အခါတွင် တာဝန်ကျတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ခရီးဆောင်အိတ်များအတွက် တန်ဆာခပေးဆောင်ရန် မလိုအပ်သည်ထိ လုပ်ဆောင်လာကြပြီဖြစ်သည်။

ခြုံ၍ဆိုရလျှင် စစ်မှုထမ်းတစ်ဦး၏ အဓိကအခန်းကဏ္ဍမှာ နိုင်ငံတော်၏အကျိုးစီးပွား၊နိုင်ငံသားများနှင့်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ ၎င်းတွင် ပြင်ပခြိမ်းခြောက်မှုများမှ ခုခံကာကွယ်ခြင်း၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကိုထိန်းသိမ်းခြင်း၊ ပဋိပက္ခများကို တုံ့ပြန်ခြင်းတို့ ပါဝင်နိုင်သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခြင်း၏ အနှစ်သာရမှာ ကိုယ်ကျိုးမဖက်သော ဝန်ဆောင်မှု၊ တာဝန်၊ နိုင်ငံတော်နှင့်ပြည်သူအတွက် အနစ်နာခံခြင်းတို့ဖြစ်သည်။ ဂုဏ်ကျက်သရေ၊ သမာဓိနှင့် ရဲစွမ်းသတ္တိကဲ့သို့သော အဓိကတန်ဖိုးများကို လက်ကိုင်ထားရမည့် ကတိကဝတ်၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကိုရင်ဆိုင်ရန် ဆန္ဒရှိမှုတို့လည်းပါဝင်သည်။ ထို့ပြင် စစ်မှုထမ်းခြင်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုးတက်မှု၊ စည်းကမ်းနှင့်ညီညွတ်မှု၊ မျိုးချစ်စိတ်တို့ကိုလည်း ခိုင်မာစေသည်။ သို့ဖြစ်၍ အရွယ်ရောက်သူနိုင်ငံသားများ၊ တစ်နည်းအားဖြင့် စစ်မှုထမ်းဆောင်ရန် အခွင့်အရေးရရှိနေသူများ နိုင်ငံတော်အတွက်သာမက မိမိဘဝရှင်သန်ရပ်တည်မှုအတွက်ပါ လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ထပ်လောင်း အကျိုးတရားများ ခံစားရရှိနိုင်စေရန် စစ်မှုထမ်း တာဝန်ထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။


**ကိုးကား**

- The Extra Benefits of Military Service– Posted by MLC Secret Squirrel Blog Writer, militaryluggage.com, November 2024

ဝတ္ထုတိုကလျာ

# အမှားနောင်တ

**မင်းလပြည့်(ဟားခါး)**



ဝုန်းခနဲပစ္စည်းကို ဆောင့်ချလိုက်သံကြောင့် အောင်ဖာတစ်ယောက် သေနတ်တိုက်နေရာက အသံလာရာကို ကြည့်လိုက်တယ်။ ဇနီးဒေါ်ဝါယောင်းက မျက်နှာစူပုတ်နေပြီး အမူအရာနဲ့မကြိုက်ကြောင်း ဆန္ဒပြနေတယ်။ သူပြောနေကျ စကားဖြစ်တဲ့–

"အောင်ဖာရယ် နင်က အသက်ငယ်တော့တာ မဟုတ်ဘူး။ ကုသိုလ်ကောင်းမှုမလုပ်ဘဲ ခုထိမိုက်မဲနေတုန်း။ ဘယ်လိုပြောပြော မရပါလား"ဆိုတဲ့ စကားလုံးလေ။

သူ့မိန်းမဒေါ်ဝါယောင်းနဲ့သူက ငယ်စဉ်က ကစားဖက်၊ ကျောင်းနေဖက်။ နင်ငါနဲ့ နှုတ်ဆက်နေကြတုန်း။ အောင်ဖာက အသက် ၆၅ နှစ်ကျော်နေပေမဲ့ သန်မာဖျက်လတ်နေတုန်း၊ ဖက်ချောင်းဝရွာရဲ့ မုဆိုးကျော်ဘဝကို ကျေနပ်နေတုန်း၊ ငယ်စဉ်ကျောင်းနေဖက်သူငယ်ချင်းကိုးနွဲ့၊ ပြေမင်း၊ ကံဆင့်၊ ပျိုလိုက်တို့က ဘုရားသွား၊ ကျောင်းတက်၊ သံဃာ့ဘောင်ကို ကူးပြောင်းနေပေမဲ့ အောင်ဖာကတော့ ညအိပ်ချိန်မှာ ချေဟောက်သံ၊ တောကြက်တွန်သံ၊ မျောက်အော်သံတွေနားထောင်ပြီး ဘယ်နားကအော်တယ်ဆိုတာမှတ်ပြီး အိပ်တဲ့သူလေ။ ဘယ်သူတွေဘာပြောပြော မိကျောင်းမင်း ရေခင်းပြသလို သဘောထားကာ မိန်းမနဲ့မတဲ့လို့ သားသမီးစကားနားထောင်လားဆိုတော့ ဖုတ်လေတဲ့ ငါးပိရှိတယ်မထင်တဲ့သူ။ ရွာကလူကြီးတွေက ဘုရားသွားကျောင်းတက်ဖို့ပြောတော့ တကူးတကတက်စရာမလိုပါဘူး။ ရင်ထဲမှာ ဘုရားရှိရင်ရတယ်ဆိုပဲ။ ဥယျာဉ်ခြံမြေပေါ်ကြွယ်တဲ့ရွာ ဘုရားသွားကျောင်းတက် စိုက်ပျိုးရေးနဲ့လုပ်စားကြတာ အောင်ဖာ တစ်ယောက်ပဲ ဆွမ်းဆန်ထဲ ကြက်ချေးရောပါသလားမသိဘူး။ ရွာက ဇော်ကန့်လန့်လို့ နာမည်ပေးထားတာ သူသိတယ်။ အချစ်ဆုံးသူငယ်ချင်း ကိုးနွဲ့နဲ့ သူ့ဦးကြီး အောင်ထန်းတို့က ပြောပြသတိပေးရှာတယ်။ သူအလွတ်ရနေပါပြီ။

"အောင်ဖာရာ သားကောင်ပစ်တဲ့အလုပ်ကို စွန့်လွှတ်သင့်ပြီ။ ငယ်စဉ်က မိသားစုအတွက် သားကောင်ပစ်ကျွေးတာ ငါမပြောလိုဘူး။ အခုတို့ရွာနားက သားကောင်တွေလဲ မင်းပစ်တာနဲ့ ကုန်တော့မယ်။ သူများ အသက်သတ်ပြီး အကုသိုလ်ယူနေတာ မင်းရဲ့သားသမီးတွေ ဂုဏ်သိက္ခာ ထောက်ပါအုံး" ဆိုတော့လဲ အောင်ဖာတစ်ယောက် အင်းမဟုတ် အဲမလုပ် ကိုကျောက်ရုပ်လို ငူငူကြီး ထိုင်နေပါကော။

အောင်ဖာက လူငယ်စိတ်မပျောက်သေးဘူး။ ကလေးတွေနဲ့ စနောက် ဘောလုံးကစားချင်နေသေးတယ်။ ယမကာလေးလဲ အချမ်းပြေလုပ်တတ်သေးတယ်။ လူကြီးပီပီနေစေချင်တာ ဒေါ်ဝါယောင်းနဲ့ သားသမီးတွေ။ သားကြီး ယိုးထင်က အင်ဂျင်နီယာ၊ သားအလတ် ပန်းလှိုင်က ကျောင်းဆရာ၊ နွယ်ရီကလဲ ရွာကျောင်းဆရာမ အားလုံးပညာတတ်ဖြစ်ခဲ့တာ၊ အောင်ဖာကတော့ ကကြီးပုတ်လောက်ရေးပြီး စာသင်ခဲ့တာ။ အသိဉာဏ်နည်းတော့ ဉာဏ်မွဲတာလဲပါမှာပါ။ အခုလဲ သေနတ်တိုက်ပြီး လက်စွဲတော် တစ်လုံးပြူးသေနတ်နဲ့ ပလိုင်းလွယ်ပြီး ထွက်လာတယ်။ ပလိုင်းထဲမှာ ထမင်းတစ်ထုပ်၊ ချေသားခြောက်မီးဖုတ်၊ ဓားမတိုတစ်ချောင်း၊ ခေါက်ဆွဲခြောက်တစ်ထုပ်၊ မီးခြစ်တစ်လုံး၊ လက်နှိပ်ဓာတ်မီးနဲ့ အပြာရောင်မိုးကာစတို့ ထည့်ထားတယ်။ ရွာမှာအသားရဖို့ သူပဲရှိတယ်ဆိုပြီး စိတ်ထဲကကျိတ်ဂုဏ်ယူနေတာ။ လမ်းလျှောက်လာရင်း ရွာအပြင်တောစပ်ရောက်တော့ လေနုအေးတွေကြောင့် နုပျိုလန်းဆန်းသွားတယ်။ လယ်ကွင်းကိုကျော်၊ တောင်ဆင်ခြေလျှော တောင်ခါးပန်းအတိုင်း တောလမ်းကိုလျှောက်လာတော့ မိုးမခစိမ့်တောထဲ ဝင်လာပြီး ရေတံခွန်ရေကျဘေးနားမှာ ကုလားတန်မြစ်ကိုစီးတဲ့ချောင်းငယ် တစ်ခုရှိတယ်။ ရေစီးသန်တယ်။ ရေကျဘေးနားမှာ တောကောင်တွေစားတဲ့ ရေသဖန်းသီးပင်၊ ညောင်ပင်၊ ပန်းခြံသီးတွေ ပေါမှပေါ၊ သားကောင်တွေရဲ့ စားကျက်ပေါ့။

"တောက်…တောက်…တောက်…တောက် "

အောက်ချင်းငှက်ပေါတဲ့ တောမြိုင်ကြီး အောက်ချင်းငှက်ဖိုတွေ အလုပ်များနေတယ်။ ဧပြီလနဲ့ မေလဆို ဥတယ်။ သားပေါက်တယ်။ ငှက်မလေးဥဖို့ ခမောင်းပင်ကြီးကို နှုတ်သီးနဲ့ဖောက်၊ အသိုက်လုပ်နေကြပါပြီ။ အောင်ဖာက ချုံထဲမှာပုန်းနေပြီး သစ်ပင်ထက်က အောက်ချင်းငှက်ကို မော့ကြည့်နေတယ်။ အောက်ချင်းငှက်ထီးတွေက ငှက်မတွေဥချိန်မှာ နယ်နိမိတ်ကို ကာကွယ်ကြတယ်။ မျောက်တွေရန်၊ တခြားငှက်တွေရန်ကာကွယ်ဖို့ အသင့်ရှိနေကြတယ်။ ငှက်မကို အစာခွံ့ကျွေးပြီး အသိုက်ထဲမှာလဲ အသီးတွေအန်ချထားတယ်။ အမတွေက အများအားဖြင့် ဥတစ်လုံးမှသုံးလုံးထိ ဥတတ်တယ်။ ၃၈ရက်ကနေ ရက်၄၀အတွင်း သားပေါက်တယ်။ အထီးဟာ ငါးလလောက်ထိ အောက်ချင်းငှက်အမနဲ့သားငယ်ကို အစာမှန်မှန်ကျွေးတယ်။ အောက်ချင်းငှက်ထီးကို ဖမ်းမိရင်လဲ အသိုက်ထဲကမိခင်က သားငယ်တွေကိုမစွန့်ဘဲ အစာငတ်သေပွဲဝင်တဲ့ အောက်ချင်းငှက်စိတ်ဓာတ်ကို သူသိပ်ကြိုက်တယ်။

ဒါပေမဲ့ အောက်ချင်းငှက်က နှုတ်သီးရှည်ပြီး ခြေထောက်တိုတော့ ပုံမကျဘူးလို့ မြင်တယ်။ အသားပေါင်းစုံစားဖူးပေမဲ့ အောက်ချင်းငှက်အသားကို မစားဖူးသေးဘူး။ ရွာဓလေ့က အောက်ချင်းငှက်ကို ပစ်ခတ်လေ့မရှိဘူး။ တန်ဖိုးထားတယ်။ သူတို့ပလက်ဝမှာ (ဆီကရုတ်)သစ္စာငှက်လို့ ခေါ်ကြတယ်။ သစ္စာရှိတဲ့ငှက်မို့ ချင်းပြည်နယ် အမျိုးသားအလံမှာ အောက်ချင်းငှက်အမှတ်တံဆိပ်ရှိတာ သူသိပါတယ်။ အောက်ချင်းငှက်ကိုပစ်သင့်၊ မပစ်သင့် တွေးနေတုန်း ချေငယ်တစ်ကောင်က စမ်းရေသောက်ဖို့ ချုံထဲကထွက်လာတယ်။ မနေ့က မျောက်ပစ်တယ်။ အရင်ရက်က တောဝက်တစ်ကောင်ရတယ်။ ဒီနေ့လဲ ချေတစ်ကောင်ဆိုတော့ အောင်ဖာတွေးရင်း ပျော်နေတယ်။ ချေပေါင်တစ်ပေါင်ကို သုံးသောင်း၊ အသားနဲ့ အကုန်ပြန်ရောင်းရင် တစ်သိန်းခွဲ ပြေးမလွတ်ဘူး။ သူကြည့်နေတုန်း အသားပြည့်ပြည့် ချေကြီးတစ်ကောင် ချုံကွယ်ကထွက်လာပြီး ရေသောက်ဆင်းလာတယ်။ ချေကောင်ကြီးကို ပစ်ရင် ငွေပိုရမယ်ဆိုတော့ ချုံကွယ်နံဘေးက ကျောက်တုံးဘေးမှာနေရာယူလိုက်တယ်။ ဒီအချိန်မှာ အောက်ချင်းငှက်တစ်ကောင် သစ်ပင်ကဆင်းလာပြီး သစ်စိမ်းပင်မှာ ရစ်ပတ်တက်လာတဲ့ ကျပ်လုံးအရွယ်မြွေကို ထိုးသုတ်ပြီး သစ်ပင်ပေါ်ဆွဲယူသွားတယ်။ မြွေခန္ဓာကိုယ်ကို သစ်ပင်နဲ့ရိုက်ပြီး အတုံးလေးတွေတုံးပြီး ငှက်မလေးကိုကျွေးဖို့ ငှက်ဖိုလေး စီစဉ်နေတာလေ။ အောက်ချင်းငှက်ရဲ့ ရုတ်တစ်ရက် လှုပ်ရှားမှုကြောင့် ချေနှစ်ကောင်လန့်ပြီး တောထဲပြေးဝင်သွားတယ်။

"တောက်…ဒီအောက်ချင်းငှက်ကြောင့် ချေနှစ်ကောင်လွတ်သွားတယ်။ သေပေတော့…"

အောင်ဖာ အကြီးအကျယ်ဒေါသထွက်သွားပြီး အောက်ချင်းငှက်ကိုပစ်ဖို့ အနီးဆုံးချုံကွယ်ဘေး ကျောက်တုံးမြင့်ပေါ်တက်လိုက်တယ်။ ကျောက်တုံးက ရေညှိနဲ့ချောနေတယ်။ ကျောက်တုံးက ကမ်းပါးချောင်းစပ်နားမှာ အနီးဆုံးရှိနေတယ်။

"ဖလပ်…ဖလပ် ဖလပ်…ဖလပ်"

ခြေသံကြောင့် ကျောက်တုံးပေါ်က ထအကြည့် ခြေချော်အရှိန်နဲ့ လိမ့်သွားပြီး ရေစီးသန်တဲ့ ချောင်းထဲ ပြုတ်ကြသွားတယ်။

"ဟာ လုပ်ကြပါအုံး"

သေနတ်ရော လူပါတခြားစီ အောင်ဖာအော်ပေမဲ့ ဘယ်သူမှမကြားဘူး။ ဒါပေမဲ့ လူသံလို အော်သံတစ်ချက်ကြားပြီး အောင်ဖာ ရေစီးထဲမျောပါသွားတယ်။

"ဝူးဝူးဝူးဝူး..ဝါး..ဝါး"

သူအင်အားရှိသမျှကူးပေမဲ့ ခွန်အားဆုတ်ယုတ်နေတာ အခုမှသိတော့တယ်။ ရေမွန်းလို့ အသက်ရှူကျပ်လာသလို မေ့မြောချင်သလိုဖြစ်နေချိန်မှာ တစ်စုံတစ်ယောက်က သူ့လက်ကိုဆွဲပြီး ပွေ့ချီလိုက်သလိုပဲ သိလိုက်တယ်။ အသိအာရုံ အမှောင်ကျသွားတယ်။ နားထဲမှာစကားပြောသံတွေကြားရသလို ခေါင်းမူးနောက်နေတယ်။ ခန္ဓာကိုယ်ကလဲ နာကျင်နေသလို မျက်လုံးကို ကြိုးစားဖွင့်ကြည့်တယ်။ မပီဝိုးဝါးမြင်ရပါပြီ။ ဦးကြီးအောင်ထန်း၊ ဒေါ်ဝါယောင်း၊ သားသမီးတွေ၊ ကိုးနွဲ့နဲ့ရွာသားတွေ ရပ်ကြည့်နေကြတယ်။

"အောင်ဖာ သတိရလာပြီလား"

အောင်ဖာပြုံးမပြနိုင်ပါဘူး။ ခေါင်း၊ ပါးစပ်၊ ခန္ဓာကိုယ်အပြည့် ပတ်တီးတွေနဲ့ ငှက်ပျောကောက်ညှင်းထုပ်ထားသလို ဖြစ်နေတယ်။ ကိုးနွဲ့က ပြုံးပြနေတယ်။ သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်း စိုက်ပျိုးရေးလုပ်ပြီး ကြီးပွားနေသူပါ။ သူ့ကိုမုဆိုး မလုပ်ဖို့ အတန်တန် အသိပေးတဲ့ကြားက လုပ်ခဲ့လို့ကိုးနွဲ့ကို မျက်နှာပူနေတယ်။

"မသေကောင်း မပျောက်ကောင်းကွာ။ မင်းရေထဲကျသွားတာ ခြံကပြန်လာတဲ့ ကိုးနွဲ့ကတွေ့ပြီး လိုက်ဆယ်တာ ကုလားတန်မြစ်က ငါးဖမ်းသမားတွေ ရှေ့ကဖမ်းကယ်လိုက်လို့ပေါ့"

စကားသံများကို အောင်ဖာ ကြားနေရတယ်။ မကြာမီ လူနာတစ်ဦးချင်းကို လှည့်ကြည့်တဲ့ ဆရာဝန်ရောက်လာပြီး ဆရာဝန်က–

"ခြေထောက်ကျိုးသွားတယ်။ အကြောတွေ သန်မာလာအောင် ကုရအုံးမယ်။ စိတ်ရှည်ရှည်နဲ့ အချိန်ယူကုရမှာပေါ့"

အောင်ဖာတစ်ယောက် ဆေးကုသရန်မှလွဲလို့ အခြားမရှိတာကြောင့် စိတ်ပျက်သွားတယ်။ တစ်ပတ်လောက်ကြာတော့ သားသမီးတွေ၊ ကိုးနွဲ့နဲ့ရွာသားတွေ ပြန်သွားကြပါပြီ။ ဆေးရုံထဲမှာ ဦးကြီးအောင်ထန်း၊ ဒေါ်ဝါယောင်းတို့ပဲ ကျန်တော့တယ်။ ဘဝတစ်လျှောက်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အထင်သေးပြီး လယ်ကိုင်းမလုပ်။ တောင်သူလုပ်ရမှာကြောက်ပြီး သေနတ်တစ်လက်နဲ့ ကြွက်သေတစ်ခု အရင်းပြုခဲ့တဲ့ အောင်ဖာတစ်ယောက် ကောင်းကောင်းဝဋ်လည်နေပါပြီ။ ပိုဆိုးတာက သူကြောက်ရ ရိုသေရတဲ့ ဦးကြီးအောင်ထန်းတစ်ယောက်ရဲ့ သင်ခန်းစာတွေက တောထဲမှာ သားကောင်စောင့်ရတာထက် ပင်ပန်းပါတယ်။ လူက ရှောင်သွားလို့မရ၊ ထွက်သွားလို့မရ၊ ခြေထောက်ကကောင်းအုံးတော့။ အကြောအချဉ်တွေကောင်းအောင် အချိန်ယူကုရအုံးမှာ။ ဦးကြီးအောင်ထန်းကလဲ အတန်တန်မှာပါလျက်နဲ့ သူ့စကားနားမထောင်လို့ အခုလိုဖြစ်တာကို ဒေါပွနေတယ်။ ဦးကြီးအောင်ထန်း စိတ်ဆိုးမယ်ဆိုရင်လဲ စိတ်ဆိုးချင်စရာ။ ဆရာကိုကာပြန်အာခေါင်လုံ့စူးတဲ့ဘဝကို အောင်ဖာခံစားနေရပြီလေ။ အခုလဲကြည့် ပညာသားပါတဲ့စကားတွေနဲ့ အောင်ဖာရဲ့နားကို သံရည်ပူလောင်းသလို ခံစားနေရတယ်။

"အောင်ဖာ မင်းက လူမိုက်အမျိုးအစားထဲမှာပါတယ်။ လူမိုက်ဆိုတာ အမှားကိုလက်ခံတယ်၊ အမှားကိုဆက်ပြီး ကျူးလွန်လေ့ရှိတယ်။ မင်းကို သားကောင်မပစ်ဖို့ ငါသတိပေးတယ်။ မင်းပြင်ဖို့မကြိုးစားခဲ့ဘူး။ ရွာကမုဆိုးကြီးဆိုပြီး မြှောက်ပေးနေတာ မင်းကဂုဏ်ယူနေတယ်။ မင်းကြောင့် စိမ့်တောထဲက သားကောင်တွေ သေကုန်ပြီ။ ဒီသတ္တဝါတွေ ဘယ်လိုပြန်ရှင်အောင်လုပ်ပေးမလဲ" ဦးကြီးအောင်ထန်းက အချက်အလက်ဖြင့် ပြောနေပါပြီ။

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၅၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး သြဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၅၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၂၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ် သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်အတွင်းရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သဘာဝမြေဩဇာ သုံးစွဲမှုမှန်ကန်ပါက စိုက်ပျိုးစရိတ်သက်သာပြီး အပင်များဖြစ်ထွန်းကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံသီးနှံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

မိုင်းဖြတ် သြဂုတ် ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် နားမွန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၂ သိန်း စုစုပေါင်းငွေကျပ် ၁၆၁ ဒသမ ၂ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

"ကမ္ဘာပေါ်မှာ သဘာဝဥယျာဉ်ထိမ်းသိမ်းရေး သားကောင်တွေ ထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်နေတယ်။ မင်းကဆန့်ကျင်ဘက် လုပ်တယ်။ ရွာနဲ့သင့်မြတ်အောင် မပေါင်းနိုင်ဘူး။ ဇော်ကန့်လန့်အခေါ်ခံရတယ်။ လူဆိုတာ အများအကျိုးဆောင်မှ လူပီသတာကွ။ လူဆိုတာအတွေးအခေါ်နဲ့ ရှင်သန်အသက်ရှင်ရတာကွ။ မစဉ်းစားဘဲ မလုပ်ရဘူး။ မင်းက သူများကောင်းတာပြောတာ လက်မခံဘူး။ ငါတို့၊ မင်းမိန်းမ၊ ကိုးနွဲ့တို့က သတိပေးတယ် မင်းမပြင်ခဲ့ဘူး"

ဘကြီးအောင်ထန်း စကားတွေက မှန်တယ်။ အောင်ဖာ ဘယ်လိုပြန်ပြောရမလဲမသိ။

"အသက်ကကြီးလာပေမဲ့ အသိဉာဏ်ကနိမ့်နေတုန်း။ အကုသိုလ်အလုပ်တွေမလုပ်ဖို့ အတန်တန်ပြောတယ်။ ပိုဆိုးတာက တို့ချင်းတိုင်းရင်းသားတွေ တန်ဖိုးထားတဲ့ အောက်ချင်းငှက်ကို သတ်ဖို့လုပ်တယ်။ မင်းအောက်ချင်းငှက်ကိုပစ်ဖို့ သေနတ်နဲ့ချိန်တာ ကိုးနွဲ့ တွေ့တယ်။ မကောင်းကြံရင် ဘေးဒဏ်ခံရတာ မသိဘူးလား"

အောင်ဖာကောင်းကောင်း သိလာပါပြီ။ သူ့ကြောင့် တောထဲက အပြစ်မဲ့ သတ္တဝါတွေ အကောင်တစ်ရာမကသေခဲ့ရတယ်။ သူ့ရဲ့ အတ္တမာနကြောင့် သတ္တဝါတွေ အသက်ဆုံးရှုံးခဲ့ရတယ်။

"ကျွန်မတော့ သူအဲ့လိုဖြစ်တာ သဘောကျတယ်။ ဒါမှနောင်တရမှာ။ သတ္တဝါတွေလဲ အသက်မဆုံးရှုံးတော့ဘူးပေါ့"

အရေးထဲ ဇနီးဒေါ်ဝါယောင်းကပါ ထောက်ခံပြီး ဦးကြီးအောင်ထန်းကို ဒေါသထပ်ဆွပေးနေတယ်ဟု သူထင်တယ်။ အောင်ဖာက မျက်မှောင်ကုတ်ကြည့်ပေမဲ့ ဒေါ်ဝါယောင်းက ပြုံးနေတယ်။ မှတ်ပြီလားဟဲ့ဆိုသောသဘော။

"ဦးကြီးအောင်ထန်း ကျွန်တော်မှားပါတယ်။ အောက်ချင်းငှက်အပါအဝင် ဘယ်သတ္တဝါကိုမှ မပစ်တော့ပါဘူး။ ကျွန်တော်နောင်တရပါပြီ။ အောက်ချင်းငှက်တွေကိုလဲ ချစ်တတ်လာပါပြီ"

အောင်ဖာ ရင်ထဲကသာပြောနိုင်ပေမဲ့ ဦးကြီးအောင်ထန်း ဒေါသက မကုန်သေး-

"မင်းကတံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားတဲ့ကောင်။ ဒီလိုမဖြစ်အောင် ကြိုတားခဲ့တယ်။ မင်းကငါတို့စကား နားမထောင်ခဲ့ဘူး။ သတ္တဝါတွေကို မချစ်ခဲ့ဘူး။ ငါ့အိမ်မှာ အောက်ချင်းငှက်မွေးထားတယ်။ သတ္တဝါတွေကို ကြင်နာတယ်။ လူသားတွေက သတ္တဝါတွေအပေါ် ရက်စက်တယ်၊ အကြင်နာကင်းမဲ့တယ်"

ဦးကြီးအောင်ထန်းစကားတွေက အကြွင်းမဲ့မှန်နေသလို အောင်ဖာရဲ့လွဲမှားသော အတွေးအခေါ်တွေကို အမြင်မှန်ရအောင် အောက်ချင်းငှက်လေးတစ်ကောင်က သင်ခန်းစာပေးခဲ့ပြီဖြစ်ကြောင်း အောင်ဖာတစ်ယောက် ဘဝနဲ့ရင်းပြီး သိခဲ့ရပြီဖြစ်ပါတယ်။

## ထူးမြတ်သာစွ ဝါခေါင်လ

- ကောင်းကင်မှာ လိမ်ယှက်လို့
  တိမ်ခတ်တွေက ကနုတ်အသွင်၊
  ဖွဲဖွဲရွာ အစပျိုးလို့
  မိုးပဇ္ဇုန်ရှင်၊
  ဖူးပွင့်ကြ ပန်းစုံလင်
  သိဟ်ရာသီခွင် အလှထူး၊
  အင်းရေပြင်မှာ ကျေးငှက်တို့
  တေးသီလို့မြူး။

- ထနောင်းပင် ဖူးပွင့်လို့
  ထူးတင့်သည့် ပန်းခတ္တာ၊
  ကြောင်ကျစ်ပင် ဇလပ်ဝါပန်း
  လန်းဆန်းဝေဆာ၊
  ပွင့်ဖူးကြ အချိန်မှန်စွာ
  ထိန်လျှံကာ အလှဆန်း၊
  မြိုင်ဟေဝန် တောအစပ်နန်းမှာဖြင့်
  (ဖူးပွင့်ကြတယ်)
  တောဒဟတ်ပန်း။

- တို့နိုင်ငံ တစ်ဝန်းမှာဖြင့်
  ထေရ်ရဟန်း ပေးလို့လှူ၊
  မြတ်နိဗ္ဗာန် ရည်မှန်းလို့
  လှူဒါန်းငြိမ်းထူ၊
  စာရေးတံမဲ သည်အလှူ
  ဒီဇမ္ဗူ ကုသိုလ်ထူး၊
  မြတ်စိန္တေ ရည်မှန်းလို့
  လှူဒါန်းကြည်နူး။

- မေတ္တာအဟုန် တရားထူးကြောင့်
  အားလုံးကြည်နူး နတ်ဒေဝါ၊
  ဗုဒ္ဓဂုဏ် အထွတ်အမြတ်မို့
  ရွှတ်ဖတ်သံဃာ၊
  ဝါခေါင်လပြည့် အချိန်ခါ
  လူနတ်ဗြဟ္မာ ကျွတ်လွတ်ကြ၊
  မေတ္တာတရားသည် စမ်းပမာအေးတယ်
  ဘေးကင်းရန်ပ။ ။

**ပန်းမာလာ**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ဖြင့် မဲပေးကြပါစို့

**ကျော်တေဇ(ဥက္ကလာ)**

**မကြာမီကျင်းပမည့် ရွေးကောက်ပွဲအတွက် ကျင့်သုံးမည့်စနစ်**

မကြာမီကျင်းပမဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးမှာ စာရေးသူတို့နိုင်ငံအနေနဲ့ မြန်မာအီလက်ထရွန်နစ်မဲပေးစနစ် (Myanmar Electronic Voting Machine-MEVM)ကို ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူမဲဆန္ဒရှင်တွေအနေနဲ့လဲ Myanmar Electronic Voting Machine-MEVM အကြောင်းကို အကြမ်းဖျင်းသိထားဖို့ အသိပေးလိုပါသေးတယ်။

ဒီစနစ်ကိုတော့ ကျွမ်းကျင်ပညာရှင်တွေနဲ့ ညှိနှိုင်းတီထွင်ဆောင်ရွက်ထားတယ်လို့ သတင်းတွေမှာ တွေ့ရတယ်။ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအစီရင်ခံစာ ၂၀၂၂ ခုနှစ်ရဲ့ ဖော်ပြချက်အရဆိုရင် အီလက်ထရွန်နစ်မဲပေးစနစ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပြီဖြစ်ပါတယ်။ စာရေးသူတို့မြန်မာနိုင်ငံမှာ အသုံးပြုမှာမို့ Myanmar Electronic Voting Machine-MEVM လို့ဆိုတာပါ။ သူ့ရဲ့မူရင်းအသုံးအနှုန်းကတော့ Electronic Voting Machine-EVM ပါပဲ။ ဘယ်နိုင်ငံတွေကျင့်သုံးကြလဲဆိုရင် အာဂျင်တီးနား၊ ဘရာဇီး၊ ပြင်သစ်၊ အမေရိကန်နိုင်ငံ၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ ဗင်နီဇွဲလား စတဲ့နိုင်ငံတွေကျင့်သုံးနေတာကို လေ့လာတွေ့ရှိရပါတယ်။

အီလက်ထရွန်နစ်မဲပေးစနစ် Electronic Voting Machine-EVM က လေးမျိုးရှိတာကို ထပ်တွေ့ရပြန်တယ်။ ဒါတွေကတော့-

(၁) တိုက်ရိုက်မှတ်တမ်းတင် အီလက်ထရွန်နစ်မဲပေးစနစ်(Direct Recording Electronic system-DRE) (ကျင့်သုံးသည့်နိုင်ငံများ- အိန္ဒိယ၊ ဘူတန်၊ ရိုမေးနီးယား၊ ဘရာဇီး၊ အီရန်၊ ပီရူး၊ အယ်လ်ဘေးနီယား၊ နမီးဗီးယား၊ ဘူလ်ဂေးရီးယား၊ ဗင်နီဇွဲလား...) မဲပေးပုံပေးနည်းကတော့ မဲဆန္ဒရှင်တွေဟာ ကီးဘုတ်၊ ထိတွေ့မျက်နှာပြင်၊ မောက်စ်၊ ဘောပင် ဒါမှမဟုတ် အခြားအီလက်ထရွန်နစ်ပစ္စည်း တစ်ခုခုကို သုံးပြီး ကိုယ်ပေးချင်တာကို ရွေးချယ်မဲပေးတာပဲဖြစ်ပါတယ်။ ဒီစက်ဟာ ပေးတဲ့မဲတွေကို မှတ်တမ်းအနေနဲ့ သိမ်းထားပေးနိုင်ပါတယ်။ ဒီစက်တွေကိုမဲပေးချက် မှန်၊ မမှန် အတည်ပြုစက် (Voter-Verified Paper Audit Trail – VVPAT)ဖြင့် ချိတ်ဆက်ပြီးလဲ သုံးနိုင်သလို မချိတ်ဆက်ဘဲလဲသုံးနိုင်ပါတယ်။ ချိတ်ဆက်ပြီး သုံးရင်တော့ မဲဆန္ဒရှင်ရွေးချယ်လိုက်တဲ့ ဆန္ဒမဲတွေအတွက် VVPAT တွေက ကိုယ်ပေးလိုက်တဲ့မဲအတိုင်း ပြေစာသဘောမျိုးအထောက်အထားစက္ကူစလစ်ဖြတ်ပိုင်းလေးတွေ ပရင့်ထုတ်ပေးမှာဖြစ်ပါတယ်။

(၂) အီလက်ထရွန်နစ် မဲလက်မှတ်ထုတ်ပရင်တာ (Electronic Ballot Printer System –EBPs) (ကျင့်သုံးသည့်နိုင်ငံများ- ကွန်ဂို၊ အာဂျင်တီးနား..)ဒီစက်ကတော့ အထက်မှာဖော်ပြထားတဲ့ DRE စက်နဲ့ဆင်တူပါတယ်။ ဒီစက်ကလဲ ကိုယ်ပေးလိုက်တဲ့မဲဆန္ဒအတိုင်း မဲလက်မှတ်ကို ပရင့်ထုတ်ပေးတယ်။ အဲဒီမဲလက်မှတ်ကို အလိုအလျောက် မဲရေတွက်ပေးတဲ့ သီးခြားမဲလက်မှတ်ဖတ် စကင်နာစက် (Ballot Scanner)အတွင်းကို ထည့်သွင်းရေတွက်ပြီး မဲပုံးထဲကို ရောက်ရှိသွားတဲ့စနစ်ဖြစ်ပါတယ်။ EBPs ကတော့ ပေးတဲ့မဲတွေကို မှတ်တမ်းအနေနဲ့ သိမ်းထားပေးခြင်းမရှိပါဘူး။ EBPs နဲ့ တွဲဖက်လုပ်ဆောင်တဲ့ မဲလက်မှတ်ဖတ်စကင်နာစက် (Ballot Scanner) ကတော့ မဲပေးချက်နဲ့ စုစုပေါင်းမဲအရေအတွက်တွေကို မှတ်တမ်းတင်ပေးနိုင်ပါတယ်။

(၃) အလင်းဖြင့်မှတ်တမ်းတင်စနစ် (Optical Mark Recognition – OMR) (ကျင့်သုံးသည့်နိုင်ငံများ- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အီရတ်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ..) အထူးပြုလုပ်ထားတဲ့ မဲလက်မှတ်ပေါ်မှာ မဲပေးသူရဲ့ရွေးတာကို စကင်ဖတ်စစ်ဆေးသောစနစ် (OMR systems)တပ်ဆင်ထားတဲ့စက်ဖြစ်ပြီး စာရွက်နဲ့မဲပေးတာကို အီလက်ထရွန်နစ်ရေတွက်ခြင်းဆိုပြီး စနစ်နှစ်ခုပေါင်းစပ်ထားတာဖြစ်ပါတယ်။ OMR စက်မှာတော့ အဆိုပါစက်က နားလည်ဖတ်ရှုနိုင်တဲ့ မဲစာရွက်ကိုသာ အသုံးပြုရပါမယ်။ အဲဒီစာရွက်ပေါ်မှာ ဘောပင် ဒါမှမဟုတ် ခဲတံကို အသုံးပြုရတယ်။ ဒါမှလဲ ဆန္ဒမဲလက်မှတ်တွေကို OMR စက်က ဖတ်ရှုမှတ်သားပြီး အလိုအလျောက်ရလဒ်တွေ တွက်ချက်ပေးနိုင်မှာ ဖြစ်ပါတယ်။

(၄) အင်တာနက်မဲပေးစနစ်(Internet Voting System )၊ (ကျင့်သုံးသည့်နိုင်ငံများ-ဩစတြေးလျနိုင်ငံ၊ အက်စတိုးနီးယားနိုင်ငံ...) မဲပေးသူက အင်တာနက်ချိတ်ထားတဲ့ ကွန်ပျူတာကိုသုံးပြီး မဲပေးရတာဖြစ်ပါတယ်။ အင်တာနက်မှတစ်ဆင့် မဲရေတွက်တဲ့ ဗဟိုကွန်ပျူတာဆာဗာဆီကို ပေးတဲ့မဲတွေ လွှဲပြောင်းပေးတဲ့ စနစ်ပဲဖြစ်ပါတယ်။ အင်တာနက်မဲပေးတဲ့ အားနည်းချက်တချို့ကတော့ ကွန်ပျူတာစနစ်အတွင်းကို ဟက်ကာ(Hacker)တွေ ဝင်ရောက်နှောင့်ယှက်နိုင်ခြင်းနဲ့ အချက်အလက်ပျက်စီးနိုင်ခြင်း စတဲ့ လုံခြုံရေးဆိုင်ရာပြဿနာများရှိနိုင်ပါတယ်။

နိုင်ငံတော်ရဲ့ နိုင်ငံရေးခရီးလမ်းမှာ ဒီလို အီလက်ထရွန်နစ်နဲ့ မဲပေးစနစ်ကိုကျင့်သုံးခဲ့တာ မရှိခဲ့ပါဘူး။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူတွေ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ဖို့ သက်ဆိုင်ရာဌာနဆိုင်ရာတွေပူးပေါင်းပြီး ပညာပေးရေးအစီအစဉ်တွေ ဆောင်ရွက်ခဲ့တာကိုလဲ တွေ့ရပါတယ်။ လက်တလောထိတော့ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ ရောဝတီ စတဲ့ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီးတွေမှာ မဲဆန္ဒရှင်ပေါင်း တစ်သိန်းကျော်နဲ့လက်တွေ့ဆောင်ရွက်နိုင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ကျန်ရှိဒေသတွေမှာလဲ မဲပေးစနစ်နဲ့ပတ်သက်ပြီး ပညာပေးအစီအစဉ်တွေ ဆောင်ရွက်နေတာကို နေ့စဉ်ထုတ်သတင်းစာတွေမှာ တွေ့မြင်ဖတ်ရှုရပါတယ်။

**မဲဆန္ဒရှင်များအတွက် မဲပေးစက်များ၏ အကြောင်းအရာအကျဉ်း**

မဲရုံတစ်ရုံမှာ ဆန္ဒပြုစက်(Ballot Unit-BU)၊ ထိန်းချုပ်စက်(Control Unit-CU)၊ မဲပေးချက်ဖော်ပြသည့်စက်(Verification Unit – VU) ဆိုပြီး စက် သုံးမျိုးကို တွေ့ရမှာဖြစ်ပါတယ်။ ဆန္ဒပြုစက်မှာတော့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမဲ့ပါတီအလိုက် ကိုယ်စားလှယ်လောင်းအမည်တွေနဲ့၊ သင်္ကေတအမှတ်အသားတွေနဲ့ တစ်တန်းတည်းမှာ ခလုတ်တွေပါမယ်။

ထိန်းချုပ်စက်မှာတော့ မဲပေးခြင်း စတင်ပြီဆိုတာနဲ့ မဲရုံတာဝန်ရှိသူက မဲပေးခြင်းစတင်တဲ့ခလုတ်ကို နှိပ်ပေးမယ်။ မဲပေးချိန်ပြီးဆုံး၍ မဲရုံပိတ်သိမ်းတာနဲ့ မဲပေးခြင်းပိတ်သိမ်းခလုတ်ကို နှိပ်ပြီးပိတ်လိုက်မှာဖြစ်တယ်။ ဒီနောက်တော့ မဲလုံးဝထပ်ပေးလို့မရတော့တာပဲဖြစ်တယ်။ မဲရုံကိုယ်စားလှယ်တွေရဲ့ရှေ့မှောက်မှာပဲ ထိန်းချုပ်စက်မှာရှိတဲ့ Print ခလုတ်ကိုနှိပ်ပြီး မဲရလဒ်ကို Print ထုတ်ပြီး မဲရုံကိုယ်စားလှယ်တွေနဲ့ အများပြည်သူကို ပြသမှာပဲဖြစ်ပါတယ်။

မဲပေးချက်ဖော်ပြသည့်စက်ဆိုတာ ဘယ်လိုလဲ။ ဒီစက်က မဲဆန္ဒရှင်တွေနဲ့ မဲရုံတာဝန်ရှိသူတွေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွေရဲ့ကြားက ပွင့်လင်းမြင်သာမှုတစ်ခုပါပဲ။ ဒီစက်ဟာ မဲပုံးနဲ့မဲပေးချက်ကို ချပြနိုင်မဲ့ ပရင်တာတစ်ခုနဲ့ ချိတ်ဆက်ထားတဲ့ စက်ပါပဲ။ ဆိုပါစို့။ မဲဆန္ဒရှင်ဟာ ဆန္ဒပြုစက်မှာ မဲပေးလိုက်မယ်။ ကိုယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်လောင်းအမည်၊ သင်္ကေတအတိုင်း စက္ကူဖြတ်ပိုင်းကို သုံးစက္ကန့်စက်က ထုတ်ပြမယ်။ အဲဒီမှာ မဲဆန္ဒရှင်ဟာ ကိုယ်ရွေးချယ်တဲ့ ကိုယ်စားလှယ်လောင်း ဟုတ်၊ မဟုတ်ကို စစ်ဆေးနိုင်မှာပဲဖြစ်တယ်။ ပြီးတာနဲ့ အလိုအလျောက်စနစ်နဲ့ တွဲဆက်ထားတဲ့ မဲပုံးထဲကို မဲဖြတ်ပိုင်းဟာ လျှောကျသွားမှာပဲဖြစ်တယ်။ ဒီအချိန်ဟာ မဲဆန္ဒရှင်တစ်ဦးရဲ့ မဲပေးမှုအောင်မြင်သွားပြီဆိုတာကို သိရမှာပဲဖြစ်တယ်။

> ❖ မဲပေးချက်ဖော်ပြသည့်စက်ဆိုတာ ဘယ်လိုလဲ။ ဒီစက်က မဲဆန္ဒရှင်တွေနဲ့ မဲရုံတာဝန်ရှိသူတွေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွေရဲ့ကြားက ပွင့်လင်းမြင်သာမှုတစ်ခုပါပဲ။ ဒီစက်ဟာ မဲပုံးနဲ့ မဲပေးချက်ကိုချပြနိုင်မဲ့ ပရင်တာတစ်ခုနဲ့ ချိတ်ဆက်ထားတဲ့ စက်ပါပဲ။ ဆိုပါစို့။ မဲဆန္ဒရှင်ဟာ ဆန္ဒပြုစက်မှာ မဲပေးလိုက်မယ်။ ကိုယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်လောင်းအမည်၊ သင်္ကေတအတိုင်း စက္ကူဖြတ်ပိုင်းကို သုံးစက္ကန့်စက်က ထုတ်ပြမယ်။ အဲဒီမှာ မဲဆန္ဒရှင်ဟာ ကိုယ်ရွေးချယ်တဲ့ ကိုယ်စားလှယ်လောင်း ဟုတ်၊ မဟုတ်ကို စစ်ဆေးနိုင်မှာပဲဖြစ်တယ်။ ပြီးတာနဲ့ အလိုအလျောက်စနစ်နဲ့တွဲဆက်ထားတဲ့မဲပုံးထဲကို မဲဖြတ်ပိုင်းဟာ လျှောကျသွားမှာပဲဖြစ်တယ်။ ❖

**အမှန်တရားနဲ့ မုသားဆိုသည်မှာ**

အမှန်တရားက ဖိနပ်စီးနေချိန်မှာ မုသားစကားက ကမ္ဘာပတ်ပြီးနေပြီလို့ ဆိုရပါမယ်။ အဖျက်ဆိုတာ ဘုရားရှင်လက်ထက်ကတည်းက ရှိနေပြီးသားပါပဲ။ လက်ရှိမှာလဲ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားတဲ့ မြန်မာအီလက်ထရွန်နစ်မဲပေးစနစ် (Myanmar Electronic Voting Machine-MEVM) စက်တွေအပေါ် ထုံးစံအတိုင်းဝေဖန်ပုတ်ခတ်မှုတွေ ဒုနဲ့ဒေးတွေ့နေရပြန်ပါတယ်။

သူတို့ဝေဖန်ပုတ်ခတ်ချက်တွေကို စာရေးသူလေ့လာကြည့်မိတယ်။ ဒါတွေကတော့ မဲရုံးမှူးနဲ့တာဝန်ရှိသူတွေက မဲရလဒ်တွေကို အပြောင်းအလဲလုပ်နိုင်တယ်ဆိုတာမျိုးတွေ၊ အရင်ရွေးကောက်ပွဲတုန်းကမှ မဲလက်မှတ်တွေ မှန်၊ မမှန် ပြန်စစ်လို့ရတယ် ဆိုတာမျိုးတွေ၊ ဘယ်နည်းပညာနဲ့ တီထွင်တယ်လို့ အသိမပေးဘူးဆိုတာမျိုးတွေ၊ ထိန်းချုပ်သူက အပြောင်းအလဲလုပ်လို့ရတယ်ဆိုတဲ့ ဝေဖန်မှုမျိုးတွေပါပဲ။

ခုလိုစက်နဲ့မဲပေးတဲ့စနစ်တွေမှာ နံပါတ်(၁) အနေနဲ့ ခွင့်ပြုချက်ဖြင့်သာ မဲပေးနိုင်ခြင်းဖြစ်ပါတယ်။ မဲရုံမဖွင့်ခင်မှာလဲ ကိုယ်စားလှယ်လောင်းတွေ၊ ပါတီတွေကခန့်ထားတဲ မဲရုံကိုယ်စားလှယ်တွေက စက်တွေကို စမ်းသပ်စစ်ဆေးခွင့်ပေးထားပါသေးတယ်။ စက်ထဲမှာ အချက်အလက်ဘာမှ မရှိတာတွေ၊ မဲပုံးထဲမှာ ဘာမှမရှိတာတွေကို အားလုံးစစ်ဆေးပြီးမှ မဲရုံစတင်ဖွင့်လှစ်ချိန်မှာမဲရုံမှူးက မဲပေးခြင်းစတင်တဲ့ on/off ခလုတ်ကိုနှိပ်ကာ မဲပေးခြင်းလုပ်ငန်းစဉ်ကို စတင်တာဖြစ်ပါတယ်။ ဒါတောင် မဲဆန္ဒရှင်တွေက မဲပေးလို့မရသေးပါဘူး။ နောက်တစ်ဆင့်အဖြစ် ထိန်းချုပ်စက်ကိုင်တဲ့ မဲရုံဝန်ထမ်းကမဲဆန္ဒရှင်တွေ မဲပေးနိုင်ဖို့အတွက် မဲပေးခြင်းကို ခွင့်ပြုပေးတဲ့ Ballot ခလုတ်ကို နှိပ်ပေးမှသာ မဲပေးနိုင်မှာဖြစ်ပါတယ်။ (ဒါဟာ ခွင့်ပြုချက်မရှိဘဲ မဲပေးတာတွေ၊ မဲအရေအတွက်ကို လိုသလိုထည့်သွင်းတာတွေ မလုပ်နိုင်အောင် ကာကွယ်ပေးထားတာဖြစ်ပါတယ်)၊ ထိန်းချုပ်စက်ကိုင်တဲ့ မဲရုံဝန်ထမ်းကလဲ ဒီစက်ကို နေရာရွှေ့လို့မရပါဘူး။ ခလုတ်နှိပ်ပြီးခွင့်ပြုပေးတယ်ဆိုတာကလဲ အများမြင်သာတဲ့စားပွဲပေါ်မှာပဲ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ဒါကိုလဲ ပါတီကိုယ်စားလှယ်တွေက ထင်သာမြင်သာစွာ စောင့်ကြည့်နေနိုင်ပါတယ်။ စက်တွေကို လုံခြုံရေးကြိုးတွေနဲ့ ချည်ထားပါသေးတယ်။

မဲပေးခြင်းလုပ်ငန်းစဉ် ပြီးလို့ မဲရုံပိတ်ပြီဆိုရင်လဲ မဲရုံမှူးဟာ ထိန်းချုပ်စက်မှာရှိတဲ့ မဲပေးခြင်းပိတ်သိမ်းတဲ့ on/off ခလုတ်ကိုနှိပ်လိုက်တာနဲ့ နောက်ထပ် မဲပေးခြင်းလုပ်ငန်းတွေဟာ လုံးဝရပ်နားသွားပြီဖြစ်ပါတယ်။ ( မဲပေးခြင်းစနစ်တစ်ခုလုံးကို ပိတ်ချလိုက်ပြီဖြစ်တဲ့အတွက် မသမာမဲထပ်ပေါင်းခြင်း၊ မဲအရေအတွက်ပြောင်းလဲခြင်းတို့ကို မပြုလုပ်နိုင်တော့ပါဘူး၊ မဲပေးခြင်း မပိတ်ခင်မှာလဲ စက်မှာလူဘယ်လောက် မဲပေးထားတယ်ဆိုတာကိုစစ်ဆေးပြီးမှ ပိတ်တာဖြစ်တဲ့အတွက် အဲဒီအရေအတွက်ကိုလဲ ပါတီကိုယ်စားလှယ်တွေက သိနှင့်နေကြပါပြီ)

မဲရုံပိတ်ပြီဆိုတာနဲ့ မဲရုံမှူးက မဲရုံကိုယ်စားလှယ်တွေရဲ့ ရှေ့မှောက်မှာပဲ ထိန်းချုပ်စက်က Print ခလုတ်ကိုနှိပ်ပြီး ရလဒ်စာရွက်ကို ချက်ချင်းထုတ်ပြမှာဖြစ်ပါတယ်။ မဲရုံမပိတ်ခင်မှာ စစ်ဆေးထားတဲ့ စုစုပေါင်းအရေအတွက်အတိုင်း မဲရလဒ်က ထုတ်ပြမှာဖြစ်ပါတယ်။ အဲဒီရလဒ်မှာ စက်နံပါတ်ရယ်၊ ရွေးကောက်ပွဲရက်ရယ်၊ ရလဒ်ကိုပရင့်ထုတ်တဲ့အချိန်ကို နာရီ၊ မိနစ်၊ စက္ကန့်အထိ ဖော်ပြထားလို့ နောက်ထပ် ဒီစက်နဲ့ရလဒ်ကို ပြုပြင်ပြောင်းလဲလို့ရတယ်ဆိုတဲ့စကားဟာ အလွန်ရယ်စရာကောင်းလှပါတယ်။ နောက်ပြီး လူတစ်ဦး မဲပေးလိုက်တိုင်း မဲပေးမှုကိုပြသပေးတဲ့ မဲပုံးထဲက ဆန္ဒမဲဖြတ်ပိုင်းတွေဟာ

စာမျက်နှာ ၂၇ သို့ ➤

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၄၂၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၄၂၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၉၉၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၄၂၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ စပါးဧက ၁၉၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၅၂၃၈၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၅၈၄၁ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၁၆၀၄၄ ဧက စုစုပေါင်း ၈၄၂၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၆၃၇ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၂၄ ဧက စုစုပေါင်း ၁၉၉၈၅၀ ဧကတို့ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ပွင့်လှလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွင့်လှကြီးကျေးရွာအုပ်စု ပွင့်လှလေးကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ကျရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပွင့်လှလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၀၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ပွင့်လှလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ဒေသထွက် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

**ဘိုကလေး ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် နေလှန်းဆားများ ဝယ်ယူမှု ကောင်းသောကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ်မှ နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်သူသူအောင်က ပြောသည်။

ဘိုကလေးမြို့နယ်တွင် နေလှန်းဆားများကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်ကစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နေလှန်းဆား တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်နေလှန်းဆားတွေ အရောင်းအဝယ်လိုက်နေပါတယ်။ ငါးပိငါးခြောက်လုပ်ချိန်ဆိုတော့ ဆားအရောင်း အဝယ်ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက် နေလှန်းဆားတွေပါပဲ။ လတ်တလောအနေနဲ့ တစ်ရက်တာ နေလှန်းဆားပိဿာချိန် ၂၅၀၀ ကနေ ၅၅၀၀ အထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ဆားထုတ်လုပ် ရောင်းဝယ်ရေး



ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ခရမ်းမြို့နယ် ကျုံတူးကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ခရမ်း ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျုံတူးကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျုံတူးကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ အဆိုပါလမ်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၉၉၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခုနစ်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ၅၅ သိန်း စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၆၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူကာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

➤ စာမျက်နှာ ၂၆ မှအဆက်

သက်သေခံစာရွက်တွေအဖြစ် ချိတ်ပိတ်သိမ်းဆည်းထားမှာဖြစ်ပြီး ရွေးကောက်ပွဲကန့်ကွက်လွှာတွေဖြစ်လာလို့ ရေတွက်ဖို့လိုလာရင်လဲ အဲဒီဆန္ဒမဲဖြတ်ပိုင်းတွေကို ဖွင့်ဖောက်ရေတွက်သွားမှာဖြစ်ပါတယ်။

မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM)စနစ်ဟာ မဲပေးခြင်း စတင်ချိန်ကနေ ရလဒ်ထုတ်ယူချိန်အထိ မဲပေးဖို့ခွင့်ပြုချက်များ၊ မဲပေးခြင်းပိတ်သိမ်းမှုတွေ၊ လုံခြုံရေးအစီအမံတွေနဲ့ ပွင့်လင်းမြင်သာမှုရှိသော မဲရေတွက်မှုတွေကို စနစ်တကျဒီဇိုင်းထုတ်ထားတာဖြစ်တဲ့အတွက် ဝေဖန်ပုတ်ခတ်သူလူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ မီဒီယာတွေပြောသလို မဲရလဒ်တွေကို လိုသလိုချက်ချင်းပြောင်းလဲ၍ ရနိုင်မည်မဟုတ်ကြောင်း ပြည်သူများသိရှိနိုင်စေရန် ဗဟုသုတပါးလိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကခါးသောအခါ မမှန်သူတို့က အခါးမကြိုက်မှုသားလိုက်ကာ ဖြောင့်ဖြောင့်သွားနေသူတို့ကို လိမ်ဖည်လိမ်ဖည်နဲ့ လိုက်ငြိတွယ်နေမှာပဲဖြစ်တယ်။ အမှန်တရားနဲ့မုသား၊ သတင်းနဲ့ ကောလာဟလကို မိဘပြည်သူအပေါင်း ကွဲကွဲပြားပြားနားလည်နိုင်ကြပါစေလို့လဲ ဆန္ဒပြုလိုပါတယ်။

မည်သို့ဆိုပါစေ။ အခုကျင်းပတော့မဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကလဲ တစ်ရက်ထက်တစ်ရက် ပိုမိုနီးကပ်လာပါပြီ။ ရွေးကောက်ပွဲကျင်းပပေးပြီး ထွက်ပေါ်လာတဲ့ အစိုးရတစ်ရပ်ကို နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဟာ အန္တိမရည်မှန်းချက်ဖြစ်တယ်ဆိုတဲ့ အကြောင်းကို အားလုံးလဲသိကြမှာပါ။ ရွေးကောက်ပွဲနီးကပ်လာချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ PDF အဖွဲ့တွေကိုတောင် ငြိမ်းချမ်းရေးအတွက် ကမ်းလင့်ကြိုဆိုခဲ့ပြီဆိုတာကိုလဲ မိဘပြည်သူအပေါင်းသိနှင့်ပြီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် တိုင်းရင်းသားပြည်သူအပေါင်းကို ကောလာဟလတွေကိုမယုံကြည်ဘဲ မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM)ဖြင့် ယုံကြည်စွာ မဲပေးနိုင်ပါကြောင်း စာပန်းချီခြယ်မှုန်းရင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်ဗျာ။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## တရုတ်နိုင်ငံမြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူဦးရေ ၆၀ ထိ မြင့်တက်လာ



**ပေကျင်း ဩဂုတ် ၁**

တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူဦးရေ ၆၀ ထိ မြင့်တက်လာခဲ့ကြောင်း ဖူကျန်းပါတီအတွင်းရေးမှူး ယူဝေဂေါင်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့သူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြောင်း၊ သေဆုံးသူဦးရေ ၆၀ အနက် ၄၄ ဦးမှာ ပေကျင်းမြို့မှဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်မှာ ပိုမိုဆိုးရွားလာနိုင်ပြီး ပျောက်ဆုံးနေသူ ၃၁ ဦးထက်မနည်းရှိနေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာအတွင်းမှ ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပြီး ပေကျင်းမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးရွယ်အိုများကို အဓိကရွှေ့ပြောင်းပေးနေကြောင်း ယူဝေဂေါင်က ပြောကြားခဲ့သည်။

"မြောက်ဘက်ပိုင်းဒေသတွေနဲ့ ပေကျင်းမြို့မှာ ရေဘေးအန္တရာယ်အရေးပေါ်အဆင့်ကို ရောက်ရှိနေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူအယောက် ၆၀ ထိ မြင့်တက်လာခဲ့ပြီး ပျောက်ဆုံးနေသူ ၃၁ ယောက်ထက်မနည်းရှိနေပါတယ်။ သေဆုံးသူအများစုဟာ မိယန်ဘိုးဘွားရိပ်သာက သက်ကြီးရွယ်အိုတွေဖြစ်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ဧရိယာအတွင်းက ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ဘိုးဘွားရိပ်သာက အစောင့်အရှောက်ခံ သက်ကြီးရွယ်အိုတွေကို ဦးစားပေးပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်"ဟု ဖူကျန်းပါတီအတွင်းရေးမှူး ယူဝေဂေါင်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ရုရှားနှင့်ဂျပန်နိုင်ငံတို့၏ နယ်နိမိတ်ကြားတွင်ရှိသော ကာရေးကျွန်းစုအရှေ့ဘက်တွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**မော်စကို ဩဂုတ် ၁**

ရုရှားနှင့် ဂျပန်နိုင်ငံတို့၏ နယ်နိမိတ်ကြားတွင်ရှိသော ကာရေးကျွန်းစု အရှေ့ဘက်တွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်တစ်ခု ဇူလိုင် ၃၁ ရက်က လှုပ်ခတ်ခဲ့ကြောင်း ကျွန်းအာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



အဆိုပါလှုပ်ခတ်ခဲ့သောငလျင်ယ်သည် ကာရေးကျွန်းစု၏အရှေ့ဘက်တွင် လှုပ်ခတ်ခဲ့ပြီး ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် ၅ နာရီ ၂၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဗဟိုချက်သည် ပင်လယ်ကြမ်းပြင်အနက် ၁၀ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၄၉ ဒသမ ၅၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၅၈ ဒသမ ၆ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလှုပ်ခတ်ခဲ့သော ငလျင်သည် ရုရှားနိုင်ငံ ကမ်ချက်တာ ကျွန်းဆွယ်တွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ကျွန်းပေါ်ရှိ လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်းတချို့ပျက်စီးခဲ့ရကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကာ အက်ကွဲပြိုကျလုနီးပါး အန္တရာယ်ရှိ အဆောက်အအုံများလည်းရှိကြောင်း၊ နောက်ဆက်တွဲငလျင်ယ်များလည်း လှုပ်ခတ်နိုင်သေးကြောင်း၊ လက်ရှိတွင် ဆူနာမီလှိုင်း သတိပေးချက်များထုတ်ပြန်ထားပြီး ကာရေးကျွန်းစုများ အထူးသဖြင့် Severo-Kurilsk ဒေသတွင် နေထိုင်သူများကို ပိုမိုမြင့်မားသော ကုန်းမြင့်များသို့ပြောင်းရွှေ့နေထိုင်ရန် ကျွန်းအာဏာပိုင်များက နှိုးဆော်ထားကြောင်း ကာရေးကျွန်းစု အုပ်ချုပ်ရေးမှူး ဗလာရီလီမာရန်ကိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ကိုလံဘီယာနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောပြုန်းတီးမှုမြင့်တက်နေ

**ဘိုဂိုတာ ဩဂုတ် ၁**

ကိုလံဘီယာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှု မြင့်တက်နေပြီး သစ်တောပြုန်းတီးမှုသည် တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် ကိုလံဘီယာနိုင်ငံ၏ သစ်တောကြိုးဝိုင်းအတွင်း သစ်တောပြုန်းတီးမှုဖြစ်ပေါ်ခဲ့သော ပမာဏမှာ ၁၁၃၆၀၈ ဟက်တာထိရှိနေပြီး အများစုမှာ တောမီးလောင်ကျွမ်းမှုကြောင့်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောပြုန်းတီးမှုလျှော့ချနိုင်အောင် ဆောင်ရွက်နိုင်ရေးမှာ အဓိကကျနေပြီး သစ်တောပြုန်းတီးမှုကို ထိန်းချုပ်နိုင်ရေးအတွက် တောမီးပြဿနာကိုဖြေရှင်းနိုင်ရန် အဓိကလိုအပ်နေကြောင်း၊ သစ်တောပြုန်းတီးမှုဖြစ်ပေါ်သည့် အဓိကဧရိယာမှာ ကိုလံဘီယာနိုင်ငံ၏ဧရိယာအတွင်းရှိ အမေဇုန်သစ်တောကြိုးဝိုင်းဖြစ်ကြောင်း ကိုလံဘီယာသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်းမှာ သစ်တောပြုန်းတီးမှုနှုန်း မြင့်မားခဲ့ပါတယ်။ သစ်တောပြုန်းတီးမှုဖြစ်ပွားခဲ့တဲ့ အဓိကအကြောင်းရင်းကတော့ တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပါတယ်။ အမေဇုန် သစ်တောကြိုးဝိုင်းအတွင်းမှာ တောမီးလောင်ကျွမ်းမှု ပိုပြီးတော့မြင့်မားခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောကြိုးဝိုင်းထိန်းသိမ်းနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တောမီးလောင်ကျွမ်းမှုတွေကိုလဲအတတ်နိုင်ဆုံးထိန်းချုပ်နိုင်ဖို့ ပြင်ဆင်ဆောင်ရွက်သွားရမယ်"ဟု ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ပြင်သစ်နိုင်ငံ ပိုလီနီးရှားကျွန်းဆွယ်တွင် ဆူနာမီလှိုင်း အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားမှုကို ပြန်လည်ရုပ်သိမ်း

**ပဲရစ် ဩဂုတ် ၁**

ပြင်သစ်နိုင်ငံ ပိုလီနီးရှားကျွန်းဆွယ်တွင် ဇူလိုင် ၃၀ ရက်က ဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့သဖြင့် ဆူနာမီလှိုင်း အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့ရပြီးနောက် ဇူလိုင် ၃၁ ရက်တွင် ဆူနာမီလှိုင်းအရေးပေါ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ပြင်သစ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ပိုလီနီးရှားကျွန်းတွင် ၁ ဒသမ ၅ မီတာရှိသည့် ဆူနာမီလှိုင်း ဖြစ်ပေါ်ခဲ့ကာ ဆူနာမီလှိုင်း ဖြစ်ပေါ်မှုအခြေအနေ ဆိုးရွားလာဖွယ်ရှိနေကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီးနောက် ပိုမိုကြီးမားသည့် ဆူနာမီလှိုင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ သို့သော်လည်း အခြေအနေ ပြန်လည်တည်ငြိမ်သွားခဲ့ပြီး ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်မရှိတော့သည့်အတွက် ဆူနာမီလှိုင်း အရေးပေါ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပိုလီနီးရှားကျွန်းမှာ ဇူလိုင် ၃၀ ရက်က ဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ပါတယ်။ ဆူနာမီလှိုင်းဟာ ၁ ဒသမ ၅ မီတာထိရှိခဲ့ပါတယ်။ ဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ပြီးတဲ့နောက် ဆူနာမီလှိုင်း အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့ပါတယ်။ အခြေအနေ ပြန်လည်တည်ငြိမ်သွားတဲ့အတွက် ဆူနာမီလှိုင်းအရေးပေါ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့ ကမ်းခြေဒေသတွေမှာ နေထိုင်တဲ့ဒေသခံတွေအနေနဲ့ ဆူနာမီလှိုင်းအန္တရာယ်ကို ဆက်လက်စောင့်ကြည့်သွားရမှာဖြစ်ပါတယ်"ဟု ပြင်သစ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဆူနာမီလှိုင်း မဖြစ်ပေါ်မီ နာရီပိုင်းအလိုတွင် ပြင်သစ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့ပြီး ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ဆူနာမီလှိုင်းအရေးပေါ် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်သော်လည်း ကမ်းခြေဒေသများတွင် နေထိုင်သည့် ဒေသခံများအနေဖြင့် ဆူနာမီလှိုင်းကို သတိပြုရန် ညွှန်ကြားထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ဂျပန်နိုင်ငံ အနောက်ပိုင်း Hyogo စီရင်စု တမ်ဘာမြို့၌ အပူချိန် ၄၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိလာ

**တိုကျို ဩဂုတ် ၁**

ဂျပန်နိုင်ငံ အနောက်ပိုင်း Hyogo စီရင်စု တမ်ဘာမြို့၌ ဇူလိုင် ၃၀ ရက်က အပူချိန် ၄၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိလာကြောင်း နိုင်ငံ၏ မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

ယခုမြင့်တက်ခဲ့သောအပူချိန်သည် နိုင်ငံတွင်အမြင့်ဆုံးအပူချိန်ဖြစ်ကြောင်း၊ ရာသီဥတု အေးမြလေ့ရှိသော ဂျပန်နိုင်ငံတွင် ယခုကဲ့သို့ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် Hyogo စီရင်စု တမ်ဘာမြို့တွင် နေထိုင်သူဒေသခံများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများကို အပူချိန်မြင့်တက်မှုကြောင့်ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို သတိပြုနေထိုင်ကြရန် ဂျပန်နိုင်ငံအာဏာပိုင်များက သတိပေးထားသည်။

၂၀၁၈ ခုနှစ်ကလည်း ဂျပန်နိုင်ငံရှိ Saitama စီရင်စု Ku-magaya မြို့တွင် အပူချိန် ၄၁ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်ရောက်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ကလည်း အပူချိန်သည် ၄၁ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်ထိ ရောက်ရှိခဲ့သဖြင့် ယခုဖြစ်ပေါ်နေသောအပူချိန်သည် ဂျပန်နိုင်ငံတွင် မြင့်တက်ခဲ့သော အပူချိန်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း နိုင်ငံ၏မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# တနင်္ဂနွေနေ့ညကစားမဲ့ အမျိုးသမီးကိုပါအမေရိကဖလားဗိုလ်လုပွဲစဉ်မှာ ဘရာဇီးအမျိုးသမီးအသင်းကိုပဲ ရွေးရမှာပါ

M L



တနင်္ဂနွေနေ့ညမှာတော့ အမျိုးသမီးကိုပါအမေရိကဖလားဗိုလ်လုပွဲစဉ်ရှိတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်ကိုကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ အမျိုးသမီးကိုပါအမေရိကဖလားကို ကိုးကြိမ်မြောက်ကျင်းပပြီးချိန်မှာ ဘရာဇီးအသင်းက ဆုဖလားရှစ်ကြိမ်နဲ့ အာဂျင်တီးနားအသင်းက ဆုဖလားတစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ဘရာဇီးအသင်းဟာ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာ လေးကြိမ်ဆက်ချန်ပီယံဆုဖလားရယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာ ဆုဖလားရခဲ့မယ်ဆိုရင် ငါးကြိမ်ဆက်တိုက်ဆုဖလားရတဲ့အသင်းအဖြစ် မှတ်တမ်းကောင်းကို ပိုင်ဆိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ တနင်္ဂနွေနေ့ညပွဲစဉ်မှာ မှတ်တမ်းသစ်ရေးထိုးနိုင်ဖို့ အစွမ်းကုန်ပြင်ဆင်လာမဲ့ ဘရာဇီးအမျိုးသမီးအသင်းကိုပဲ ရွေးရမှာပါ။

## ဘရာဇီးအမျိုးသမီးအသင်းကို ရွေးရမှာပါ

၂၀၂၅ ခုနှစ် အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲကိုတော့ အီကွေဒေါနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့ပြီး ဇူလိုင် ၁၁ ရက်ကနေ ဩဂုတ် ၂ ရက်ထိ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းနဲ့ ကစားခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ ကိုလံဘီယာအမျိုးသမီးအသင်းနဲ့ ဘရာဇီးအမျိုးသမီးအသင်းတို့က ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့လို့ ဆုဖလားရယူနိုင်ရေးနှစ်သင်းစလုံးအစွမ်းကုန်ပြင်ဆင်နေတာဖြစ်ပါတယ်။ ကိုလံဘီယာအသင်းဟာ အခုပြိုင်ပွဲအုပ်စု (B) မှာ ဘရာဇီးအသင်း၊ ပါရာဂွေးအသင်း၊ ဗင်နီဇွဲလားအသင်း၊ ဘိုလီဗီးယားအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုလေးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ကစားနိုင်ခဲ့လို့ အုပ်စုဒုတိယနေရာနဲ့နောက်တစ်ဆင့် တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

ကိုလံဘီယာအမျိုးသမီးအသင်းဟာ ၂၀၀၃ ခုနှစ်မှာတော့ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပေမဲ့ အာဂျင်တီးနားကိုရှုံးခဲ့လို့ တတိယဗိုလ်လုပွဲသာကစားခဲ့ပြီး တတိယနေရာရခဲ့တာကို တွေ့ရမှာပါ။ ၂၀၀၆ ခုနှစ်မှာတော့ အုပ်စုအဆင့်က လှည့်ပြန်ခဲ့ရပေမဲ့ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၄ ခုနှစ်တွေမှာ ဗိုလ်လုပွဲထိတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ ဆီမီးဖိုင်နယ်အဆင့်သာတက်ရောက်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှာတော့ ဗိုလ်လုပွဲကို ပြန်လည်တက်ရောက်နိုင်ခဲ့ပေမဲ့ ဘရာဇီးအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့လို့ ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဗိုလ်လုပွဲသုံးကြိမ်တက်ရောက်ခဲ့ပေမဲ့ သုံးကြိမ်စလုံးဆုဖလားမရခဲ့ပါဘူး။ အခုတစ်ကြိမ်မှာတော့ ဆုဖလားရဖို့အစွမ်းကုန်ကြိုးပမ်းလာတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းကိုတော့ ဥရောပထိပ်သီးကလပ်တွေမှာ ကစားနေတဲ့ လင်ဒါ၊ မေရာ၊ မန်နူလာ၊ ကာတာလင်နာ၊ ဒန်နီရယ်လာကာရာကက်စ်စတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားတာကြောင့် အခုပြိုင်ပွဲမှာ ဒုတိယမြောက်ကစားသမားစုဖွဲ့မှုအကောင်းဆုံးအဖြစ်ရပ်တည်နေတာကို သတိပြုရမှာပါ။

ကိုလံဘီယာအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာတော့ သူတို့ထက်စုဖွဲ့မှုအားနည်းချက်ရှိတဲ့ ဗင်နီဇွဲလားအသင်းနဲ့ ကစားခဲ့ရပေမဲ့ ဂိုးမရှိသရေရလဒ်သာကစားနိုင်ခဲ့ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာ အခုအုပ်စုမှတိုက်စစ်ထက်မြက်တဲ့ ပါရာဂွေးအသင်းနဲ့ကစားခဲ့ရပေမဲ့ ပါရာဂွေးအသင်းကိုပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်မှာ ဦးဆောင်ဂိုးရခဲ့ပါတယ်။ ဒါပေမဲ့ ပါရာဂွေးအသင်းရဲ့ တန်ပြန်တိုက်စစ်ကောင်းခဲ့တာကြောင့် ပွဲချိန် ၁၅ မိနစ်မှာ ချေပဂိုးသွင်းယူနိုင်ခဲ့လို့ ပထမပိုင်းမှာ သရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ကိုလံဘီယာအသင်းတိုက်စစ်ကစားအား တိုးတက်လာတာကြောင့် ပွဲချိန် ၅၇ မိနစ်၊ ပွဲချိန် ၈၃ မိနစ်နဲ့ ပွဲချိန် မိနစ် ၉၀ တွေမှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်ရခဲ့ပြီး လေးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုတတိယပွဲစဉ်မှာတော့အခုအုပ်စုရဲ့ အားအနည်းဆုံးအသင်းဖြစ်တဲ့ ဘိုလီဗီးယားနဲ့ကစားခဲ့ရတာကြောင့် အဘက်ဘက်က အသာစီးနဲ့ကစားနိုင်ခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ ၃-၄-၁-၂ ကစားကွက်နဲ့ပွဲထွက်လာတာကြောင့် ကွင်းလယ်ကစားအားကောင်းခဲ့ပြီး တိုက်စစ်မှူးတွေနေရာလွတ်ပိုရခဲ့လို့ ပွဲချိန် ကိုးမိနစ်၊ ပွဲချိန် ၁၃ မိနစ်၊ ပွဲချိန် ၃၃ မိနစ်၊ ပွဲချိန် ၃၇ မိနစ်၊ ပွဲချိန် ၄၃ မိနစ်၊ ပွဲချိန် ၅၆ မိနစ်၊ ပွဲချိန် မိနစ် ၇၀၊ ပွဲချိန် မိနစ် ၉၀ တွေမှာ ဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့လို့ ရှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲဆက်ခဲ့တာကိုတွေ့ရမှာပါ။

အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ ဘရာဇီးအသင်းနဲ့ကစားခဲ့ရပေမဲ့ အုပ်စုအဆင့်က တက်ရောက်သွားတာကြောင့် အုပ်စုပထမနေရာ ဗိုလ်လုဖို့အတွက်သာ ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ဘရာဇီးအသင်းက ပွဲချိန် ၂၄ မိနစ်မှာ ဂိုးသမားအနီကတ်နဲ့ ထုတ်ပယ်ခံရတာကြောင့် လက်ကျန်ပွဲချိန်တွေမှာ တိုက်စစ်ဆင်ဖို့ထက် ဂိုးမပေးရဖို့ကိုသာ အာရုံစိုက်ကစားခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ကိုလံဘီယာအသင်းဟာ ဦးဆောင်ဂိုးရဖို့ လူစားလဲမှုတွေ ဆက်တိုက်ပြုလုပ်ပြီး နိုင်ပွဲရဖို့ကြိုးစားခဲ့ပေမဲ့ ဘရာဇီးအသင်းရဲ့ ခံစစ်ကိုကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေရလဒ်နဲ့ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ အာဂျင်တီးနားအသင်းနဲ့ကစားခဲ့ရပြီး ကိုလံဘီယာအသင်းက ၄-၂-၃-၁ ကစားကွက်ကိုသာ အသုံးပြုခဲ့တာကြောင့် ၄-၄-၂ ကစားကွက်နဲ့ယှဉ်ပြိုင်ခဲ့တဲ့ အာဂျင်တီးနားအသင်း ဂိုးရဖို့ခက်ခဲနေတာကို တွေ့ရမှာပါ။ ဒ့ါပြင် အာဂျင်တီးနားအသင်းဟာ ပွဲကစားချိန် ၆၆ မိနစ်မှာလဲ တိုက်စစ်မှူးရိုဒရီဂွက်ဇ်ဒဏ်ရာကြောင့် လူစားလဲခဲ့ရလို့ တိုက်စစ်ကစားပုံသိသာစွာကျဆင်းသွားတာဖြစ်ပါတယ်။ ကိုလံဘီယာအသင်းအနေနဲ့ပြိုင်ဘက်ကို ခံစစ်အားပြုကစားနေပေမဲ့ တန်ပြန်တိုက်စစ်ကနေ ပြန်လည်ဖိအားပေးနိုင်ခဲ့လို့ ဂိုးမရှိသရေရလဒ်နဲ့ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲစည်းမျဉ်းအရ အချိန်ပိုဆက်လက်ကစားခြင်းမရှိတော့ဘဲ ပင်နယ်တီကန်သွင်းမှုခံယူခဲ့တာဖြစ်ပါတယ်။ ပင်နယ်တီကန်သွင်းမှုကို ကိုလံဘီယာအသင်းက စတင်ကန်သွင်းခွင့်ရခဲ့ပြီး ခြောက်ကြိမ်ကန်သွင်းခဲ့ရာမှာ ငါးကြိမ်ထိ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့လို့ တစ်ကြိမ်သာလွဲချော်ခဲ့တာကို တွေ့ရမှာပါ။ အာဂျင်တီးနားအသင်းကတော့ ပင်နယ်တီခြောက်ကြိမ်မှာ နှစ်ကြိမ်လွဲချော်ခဲ့ပြီး လေးကြိမ်သာဂိုးရခဲ့တာကြောင့် ကိုလံဘီယာအသင်းက ငါးဂိုးလေးဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ကိုလံဘီယာအသင်းဟာ အခုပြိုင်ပွဲမှာ ရှုံးပွဲမရှိနဲ့ ဗိုလ်လုပွဲတက်ရောက်ခဲ့တာကြောင့် လျှော့တွက်လို့မရပေမဲ့ ခြေစွမ်းပိုင်းကောင်းတဲ့ အသင်းတွေကိုတော့ ဂိုးသွင်းရဖို့ရုန်းကန်နေရလို့ အခုပွဲမှာ ဘရာဇီးအသင်းကို ဂိုးသွင်းနိုင်ဖို့တော့ခက်ခဲမှာသေချာပါတယ်။

ဘရာဇီးအသင်းဟာ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးဖြစ်သလို ကစားသမားစုဖွဲ့မှု အကောင်းဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုပြိုင်ပွဲကို ၁၉၉၁ ခုနှစ်ကစတင်ယှဉ်ပြိုင်ခဲ့ရာမှာ ချန်ပီယံဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ၁၉၉၅ ခုနှစ်၊ ၁၉၉၈ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ်တွေမှာလဲ ချန်ပီယံဆုဖလားဆက်တိုက်ရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ ဘရာဇီးအသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့် (၄) မှာ ရောက်ရှိနေတာကြောင့် တောင်အမေရိကဇုန်က အသင်းကိုးသင်းထက် အဘက်ဘက်က သာလွန်နေတယ်လို့ဆိုရမှာပါ။ ဘရာဇီးအမျိုးသမီးအသင်းကိုတော့ နိုင်ငံပြင်ပမှာ ကစားနေတဲ့ထိပ်သီးကလပ်အသင်းက ကစားသမားအများစုနဲ့စုဖွဲ့ထားပြီး တိုက်စစ်မှာ အေတီကိုက လူအာနီ၊ မန်စီးတီးက ကာရိလင်း၊ အေတီကိုက ဂါဘီလီနီ၊ အော်လန်ဒိုအသင်းက မာတာတို့လို ကမ္ဘာ့အဆင့်ကစားသမားတွေ ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ အခုပြိုင်ပွဲအုပ်စု (B) မှာ ကိုလံဘီယာအသင်း၊ ပါရာဂွေးအသင်း၊ ဗင်နီဇွဲလားအသင်း၊ ဘိုလီဗီးယားအသင်းတို့နဲ့ တစ်အုပ်စုတည်းကစားခဲ့ရတာကြောင့် ပွဲစဉ်ချောင်ခဲ့တယ်လို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ အခုအုပ်စုမှာ ကိုလံဘီယာအသင်းကလွဲရင် ကျန်အသင်းအားလုံးက စုဖွဲ့မှုအားနည်းချက်ရှိနေတာကြောင့် အသာစီးနဲ့ကစားနိုင်ခဲ့ပြီး အုပ်စုပွဲစဉ်လေးပွဲမှာ သုံးပွဲနိုင်တစ်ပွဲသရေရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုပြိုင်ပွဲမှာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး ကစားပုံပြောင်းလဲခဲ့တာကြောင့် ပြိုင်ဘက်အသင်းတွေအတွက် အခက်တွေ့ခဲ့တာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲစဉ်မှာ ဗင်နီဇွဲလားနဲ့ကစားခဲ့ရတာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့လို့ ပွဲချိန် ၃၂ မိနစ်မှာ ဦးဆောင်ဂိုးရခဲ့ပြီး ပွဲကစားချိန် ၈၈ မိနစ်မှာ ဘရာဇီးအသင်းက ဒုတိယဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့လို့ နှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲမှာတော့ ခြေစွမ်းပိုင်းအားနည်းတဲ့ ဘိုလီဗီးယားအသင်းနဲ့တွေ့ခဲ့တာကြောင့် ဖိအားမရှိကစားနိုင်ခဲ့လို့ ပွဲချိန် ၁၃ မိနစ်၊ ၃၂ မိနစ်၊ ၃၇ မိနစ်၊ ၇၉ မိနစ်၊ ၈၃ မိနစ်၊ မိနစ် ၉၀ တွေမှာ ဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာတော့ ခြောက်ဂိုးပြတ်နဲ့အနိုင်ရခဲ့ပါတယ်။ တတိယမြောက်ပွဲစဉ်မှာတော့ ရမှတ်လိုအပ်ချက်ရှိတဲ့ ပါရာဂွေးအသင်းနဲ့ကစားခဲ့ရပြီး ပါရာဂွေးအသင်းဟာ တိုက်စစ်ပိုင်းထက်မြက်ပေမဲ့ ခံစစ်ကစားပုံအားနည်းချက်ရှိတာကြောင့် တိုက်စစ်ကောင်းတဲ့ ဘရာဇီးအသင်းကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီပွဲစဉ်မှာ ဘရာဇီးအသင်းဟာ ပွဲချိန် ၂၇ မိနစ်၊ ပွဲချိန် ၃၉ မိနစ်၊ ပွဲချိန် မိနစ် ၆၀၊ ပွဲချိန် ၇၅ မိနစ်မှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့ပေမဲ့ ပါရာဂွေးအသင်းက ပွဲချိန် ၆၅ မိနစ်မှာ ချေပဂိုးတစ်ဂိုးသာသွင်းနိုင်ခဲ့လို့ လေးဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

အုပ်စုနောက်ဆုံးပွဲမှာတော့ ကိုလံဘီယာအသင်းနဲ့ ကစားခဲ့ရလို့ ပြိုင်ဘက်ကိုထိန်းချုပ်ဖို့ ကြိုးစားလာပေမဲ့ ပထမပိုင်းမှာ ဂိုးသမားအနီကတ်ပြခံရတာကြောင့် ဦးဆောင်ဂိုးရဖို့ထက် ဂိုးမပေးရရေးသာ ကစားခဲ့ရပြီး ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ အုပ်စု (A) ဒုတိယနေရာနဲ့တက်ရောက်လာတဲ့ ပါရာဂွေးအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ အတွေ့အကြုံပိုင်းနဲ့နည်းစနစ်ပိုင်းအသာရမှုက ပြိုင်ဘက်ကို ထိန်းချုပ်နိုင်ခဲ့လို့ ငါးဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲရောက်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အုပ်စုတွင်းပြိုင်ဘက် ကိုလံဘီယာအသင်းနဲ့ထပ်မံတွေ့ဆုံခဲ့ပြီး ကိုလံဘီယာအသင်းက တိုက်စစ်မှူး လင်ဒါ၊ မေရာတို့ကို ထိန်းချုပ်နိုင်ဖို့ ဘရာဇီးအသင်းပြင်ဆင်လာမှာသေချာပါတယ်။ သူတို့နှစ်သင်း နောက်ဆုံး ၁၁ ကြိမ် တွေ့ဆုံမှုမှာလဲ ဘရာဇီးအသင်းက ရှစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့အသာရခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့တာကိုကြည့်ရင် ဘရာဇီးအသင်း အဘက်ဘက်က အသာရနေတာကြောင့် အခုပွဲမှာ ဘရာဇီးအမျိုးသမီးအသင်းကိုပဲ ရွေးရမှာပါ။

### ကိုလံဘီယာအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗင်နီဇွဲလား | ၀ | - | ၀ | ကိုလံဘီယာ |
| ကိုလံဘီယာ | ၄ | - | ၁ | ပါရာဂွေး |
| ကိုလံဘီယာ | ၈ | - | ၀ | ဘိုလီဗီးယား |
| ဘရာဇီး | ၀ | - | ၀ | ကိုလံဘီယာ |
| အာဂျင်တီးနား | ၀ | - | ၀ | ကိုလံဘီယာ |

### ဘရာဇီးအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရာဇီး | ၂ | - | ၀ | ဗင်နီဇွဲလား |
| ဘိုလီဗီးယား | ၀ | - | ၆ | ဘရာဇီး |
| ပါရာဂွေး | ၁ | - | ၄ | ဘရာဇီး |
| ဘရာဇီး | ၀ | - | ၀ | ကိုလံဘီယာ |
| ဘရာဇီး | ၅ | - | ၁ | ပါရာဂွေး |

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၂၂ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင်ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၂၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ဆိုလာလမ်းမီးတိုင်စိုက်ထူပြီးစီးမှု စစ်ဆေး

သရက် ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ရေပေါ်ကျွန်းကျေးရွာ၌ ဆိုလာလမ်းမီး တိုင်စိုက်ထူခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရေပေါ်ကျွန်းကျေးရွာ၌ ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ရေပေါ်ကျွန်းကျေးရွာ၌ဆိုလာလမ်းမီးတိုင်၃၂တိုင် စိုက်ထူခြင်းလုပ်ငန်းကို၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

ဆက်လှူ

## စာအုပ်စာပေ လှူမိတ်ဆွေ








နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

THE BEST QUALITY TYRE

TBB,TBR,PCR

တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



သဘာဝအခြစ်မို့ အရသာထူး စိတ်နှင့်ကြည်နူး....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၄၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Black Tea

5 Digits အောင်ဘာလေ အွန်လိုင်းထီ

(၁၉)ကြိမ်မြောက်ထီဖွင့်ပွဲတွင် Jackpot ဆုကြီး ကျပ်သိန်း(၅၀၀)ကထွက်ရှိ မထွက်ပေါ်ပါသဖြင့် (၂၀)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ဆတိုးဆုကျပ်သိန်း(၁,၀၀၀)စုစုပေါင်းနှင့်အတူ

Jackpot ဆုကြီး

ကျပ်သိန်း(၁,၅၀၀)

ဆုကြီးကို ရင်ခုန်စွာနဲ့ စောင့်မျှော်ကြရအောင်!!!

Call Center 777 (or)

09 677 000 777

Scan Me

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထကခွဲ(၁၈)၊ Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးကျော်၏သမီး မခြူးမြတ်နိုးစံအား မခြူးမြတ်မိုးစက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မခြူးမြတ်မိုးစက်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂၈)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ်-၂၁၀၇၊ Grade-10 ကျောင်းသူ မဖူးပွင့်ဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဦးသီဟဆွေဖြစ်ပါကြောင်း။

ဦးသီဟဆွေ(၅/ဆလက(နိုင်)၀၆၃၅၇၇)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ယူနေသော မဝေဇာလင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောထွန်းဖြစ်ပါကြောင်း။

ဦးစောထွန်း

(၉/ရဥန(နိုင်)၀၆၈၁၀၅)

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ သံ/ရှေ့အကွက်(၄၂၆)နေ ဦးနေလင်းထွန်း (ဘ) ဦးလှသောင်း(၉/မထလ(နိုင်)၁၉၄၆၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ 09-440188551

## ကန့်ကွက်နိုင်ပါသည်

အမရပူရမြို့နယ်၊ ဖရဲကျွန်းကျေးရွာအုပ်စု၊ ဖရဲကျွန်းအရှေ့ကျေးရွာနေ ဦးဝင်းလှိုင် (ဘ) ဦးပေါ်များ(၉/အမရ(နိုင်)၀၉၅၃၈၂)ကိုင်ဆောင်သူ ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော ကွင်းအမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၂၀၁/၁)၊ ဧရိယာ(၁.၉၄)ကေရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)စာအုပ်ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်းပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းလှိုင်

(၉/အမရ(နိုင်)၀၉၅၃၈၂)

## ကန့်ကွက်နိုင်ပါသည်

အမရပူရမြို့နယ်၊ ချင်းရွာကျေးရွာအုပ်စု၊ ချင်းရွာကျေးရွာနေ ဦးပေါ်များ (ဘ) ဦးအေးမောင်(၉/အမရ(နိုင်)၀၆၅၂၆၀)ကိုင်ဆောင်သူ ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော ကွင်းအမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၂၀၁/၂)၊ ဧရိယာ(၂.၁၀)ကေရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်း ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးပေါ်များ

(၉/အမရ(နိုင်)၀၆၅၂၆၀)

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး။**


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ် နှပ်ရည် လည်ချောင်းမှတ်ဖုပ်မှုများကို အလွယ်တကူပါပ်စီထုတ်ပစ်ပြီး အဆုတ်ကို သန့်စင်စေသည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေမှုမှာ အစားကိုသည်။



❖ **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

**မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM)ဖြင့် မဲပေးကြပါစို့**

ဆောင်းပါး စာမျက်နှာ- ၂၆

# နောင်ချိုမြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

နောင်ချိုမြို့၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၇၄၈ ဦး ထပ်မံ၍ လာရောက်အပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၅၆၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းတို့ ပထမဆုဆွတ်ခူး

နေပြည်တော် ဩဂုတ် ၁

ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊အမျိုးသမီး နှစ်ယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❑

